



ဒုတိယအကြိမ်

# စစ်ကိုင်းဦးဘိုးသင်း

# ဒါကြောင့်ချစ်တာ

mgyoe.com

mgyoe.com



စစ်ကိုင်းဦးဘိုးသင်း

ဒါကြောင့်ချစ်တာ

ANB0065

2,500.00 KS

mgyoe.com

ဒါကြောင့်ချစ်တာ၊ စစ်ကိုင်းဦးဘိုးသင်း
မျက်နှာဖုံးပန်းချီ - သန့်ဇော်သစ်
စာမျက်နှာ ၂၁၃ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၁ ဂုဏ်ထူးစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဒါကြောင့်ချစ်တာ
# စစ်ကိုင်းဦးဘိုးသင်း

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အင်း၊ စာရေးရသော်လည်း ခေတ်အလိုက် စိတ်ညစ်စရာ စာဖတ်ပရိသတ်အချို့က ဆရာကြီး ဘိုးရေးသော ဝတ္ထုများမှာ မြို့နာမည်၊ ခရိုင်နာမည် အတိအကျမပါ၊ အဘယ့်ကြောင့်ဟု ခရီးကြုံသောအခါ မေးကြသည်။ အချို့က စာရေး၍ မေးကြသည်။

ထိုသို့ မြို့အမည်နှင့်ပဲ နာမည် လှလှကလေးများကို ထည့်သွင်းရေးသားခြင်း မပြုဘဲနှင့်ပင် အချို့က သူတို့၏အဖြစ်အပျက်ကို ဝတ္ထုထဲမှာထည့်၍ အဘယ်ကြောင့် ရေးပါသနည်းဟု ခရီးကြုံသောအခါ ဝင်ရောက်မေးကြသည်။ ဘယ်လိုဘယ်နည်းနှင့် သိပါသနည်းဟု မေးကြသည်။ အချို့က ရန်တွေ့စာ၊ ရန်ထောင်စာ သဘောရောက်အောင် စာကုံး၍ မေးကြသည်။

ဝါကျွတ်ပြီမောင် ဝတ္ထု၌ ရည်းစားဆိုပါတော့၊ အမျိုးသမီးက သူ့ရည်းစား မိဘချင်း သဘောတူထားပါလျက် ပါးကိုရိုက်တာကို ရေးမိ၍ ဝင်ရောက်လာကာ ဒါကို ရေးတာတော့ မတော်ပါဟု ပြောပြီးသော် စားဖွယ်သောက်ရာများအပြင် ငွေငါးဆယ်ကျော်နှင့် ကန်တော့သွားပေသည်။

ကျွန်ုပ်လည်း အဖြေခက်နေသည်။ မင်းတို့ရဲ့အကြောင်းကို ငါဘာမှမသိဟုဆိုသော်လည်း ယောကျ်ားဖြစ်သူက ခင်မောင်ပါ၊ ခင်မောင် လက်ချက်ပါဟု တထစ်ချ ယိုးစွပ်ပြောဆိုနေတော့သည်။ အဲသည် တော့ အခက်သားကလား။

mgyoe.com

mgyoe.com


သို့သော် သူတို့အားလုံးပင် ကျွန်ုပ်ကို ကြည်ညိုကြပုံရသည်။

အကယ်၍ မြို့အမည်၊ အရပ်အမည်များနှင့်ပင် တပ်ရာကျရေးခဲ့သော် အချို့အကြောင်းများအတွက် အချို့က ဖြေမရအောင်ပင် ဒေါသထွက်ပေလိမ့်မည်။

ရှေးဟောင်းအကြောင်းသဘော အခြေအနေဖြစ်အောင် ရေးပြန်သော်လည်း အချို့ပုဂ္ဂိုလ်များက တမင်သက်သက်ပင် လာရောက်၍ ဒါတွေဟာ တကယ်ပဲလားဟု မေးကြပြန်သည်။ ရခိုင်တိုင်း အမ်းမြို့ကပင် လာရောက်၍ ဆွေးနွေးပါသည်။ ခက်ဘိတောင်း၊ စာရေးရသည်မှာလည်း ခေတ်အလျောက်တော်တော်ပင် ကျပ်ပါသည်။

ရာဇဝင်ဝတ္ထုများကို ရေးရာ၌လည်း အထူးပင် အချို့က လာရောက်ဆွေးနွေးပါ၍ ရာဇဝင်ကို ရေးသောသူက ရေးချင်ရာကို လျှောက်ပြီးလျှင် ရေးထားသည်ဟု ပြောသဖြင့် အတော်ပင် မကျေနပ်ကြပါ။ သို့သော် ၎င်းတို့အား ကွမ်းဆော် ကြောင်ဖြူမင်းအား သိကြားမင်းက သူအိုယောင်ဆောင်၍ နတ်မြင်းပျံ ဆက်သည်ဆိုခြင်း၊ လက်စွပ်၊ အရိန္ဒမာလှံ ဆက်ခြင်းဆိုသည်တို့ကို ယုံပါသလားဟု မေးသောအခါ ရာဇဝင်နှင့်ပတ်သက်ပြီးလျှင် လာရောက်ဆွေးနွေးသူများသည် ပြုံး၍သာ ပြန်သွားကြသည်။

ထို့ကြောင့် ယခုခေတ်သည် မြန်မာတို့ တိုးတက်နေသော ခေတ်ဖြစ်၍ စာရေးရသည်မှာ ရှေးကကဲ့သို့ မလွယ်ကူချေ။ ဤစာအုပ်ကိုရေးပြီးနောက် နိုင်ငံချစ်ရည် ရာဇဝင်ဝတ္ထုကို ကောက်ကိုင်ကောင်း ကိုင်နိုင်ပေမည်။ ရာဇဝင်နှင့်ပတ်သက်ကြ၍ အမျိုးမျိုး တည်းဖြတ် ပြောဆိုနေကြသော်လည်း 'ပုဂံ' ပြည်ဟု အဘယ်ကြောင့် မှည့်ခေါ်ပါသနည်းဟု မေးသောအခါ အခက်အခဲ ဖြစ်သွားကြလေသည်။

မည်သို့ပင်ဖြစ်စေ တိုင်းပြည်လူထု၏ စိတ်နှင့် မည်သို့ပင်ရှိစေကာ

mgyoe.com

mgyoe.com


မှု တိုင်းပြည်နှင့်လူမျိုး ထိပ်တန်းသို့ရောက်အောင် ကျွန်ုပ်သေဖို့ရန် ရောဂါရသည့်နေ့အထိ စာရေးမည်ဟု စိတ်ကူးမိပါသည်။

ယခုလည်း ကလေးကလား 'ဒါကြောင့်ချစ်တာ' ဝတ္ထုကို ရေးလိုက်ပြန်ပြီ။

တင်မောင်မြင့်သည် တက္ကသိုလ်ဝင်တန်း စာမေးပွဲဝင်ရန် သင်ကြားခံယူနေသည်။ ၎င်းသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ဆန္ဒပြရန် ညှိသော်လည်း တစ်ကျောင်းလုံးပါစေကာမူ မပါချေ။ သမဂ္ဂအသင်း၌လည်း မပါချေ။ ဒီအက်စ်အို အသင်းနှင့်ကား ဝေလာဝေးဖြစ်၍ တစ်ဦးတစ်ယောက်တည်း အူကြောင်ကြောင်နှင့် နေ၏။

ထိုတင်မောင်မြင့်သည် ဆရာများ ဦးစီး၍ ဆောင်ရွက်သော စေတနာ့ဝန်ထမ်း လုပ်ငန်းများ၌ကား စားမကိုသော်လည်းကောင်း၊ တူးရှင်းပေါက်ပြားများကိုသော်လည်းကောင်း၊ တံမြက်စည်းကိုသော်လည်းကောင်း ထမ်း၍ ရှေ့တန်းက ပါဝင်လေသည်။

တင်မောင်မြင့်သည် အားကစား၌ကား တင်းနစ်ရိုက်၊ ဘတ်စကက်ဘော၊ ဘော်လီဘော အသင်းတို့၌ ပါဝင်၍ နာမည်ရအောင် ကစားလေ့ရှိသဖြင့် အမြဲလောက်ပင် ပါဝင်ရ၏။ ဘောလုံးကစားရာတွင် ဘယ်ဝင်းက ကစားရသဖြင့် နာမည်ရပြီးသော် ဖားကြီးဟု ကျောင်းသားအချင်းချင်းက ဘွဲ့ပေးထား၏။

ထိုသို့ ဘွဲ့ပေးခြင်းကိုလည်းကောင်း၊ ကျောင်းသားများက ရွတ်ချခြင်းကိုလည်းကောင်း မတုန်မလှုပ်ရုံမျှမက ငါဟာ မင်းတို့နှင့်မတူ၊ ငါ့အမေဟာ ရုပ်ဆိုးမ၊ အဝတ်ဖွပ်သည်လုပ်ကာ ကျောင်းထားရသည်ဟု နှုတ်မြွက်ကာပင် ပြောဆိုလေ့သည်။

ထို တင်မောင်မြင့်သည် တက္ကသိုလ်စာမေးပွဲ၌ သင်္ချာ၊ အင်္ဂလိပ်စာ၊ သိပ္ပံတို့ကို ဂုဏ်ထူးနှင့် အောင်မြင်လေသည်။ တင်မောင်မြင့်အပေါ်

mgyoe.com

mgyoe.com


၌ သမဂ္ဂအသင်းသားများ၊ ဒီအက်စ်အိုများက မည်ကဲ့သို့ ဝေဖန်မည်လဲ၊ ခေတ်သဘောအရ လူနုံကလေးတစ်ကောင်ဟု ဆိုရာသလော။

အဝတ်ဖွပ်သည်မသား တင်မောင်မြင့်သည် အခြားဂုဏ်ရှင်သားများကဲ့သို့ပင် တက္ကသိုလ်၌ဝင်ရောက်ကာ စာများကို သင်ကြားခံယူနေလေပြီ။

ထို အဝတ်ဖွပ်သည်မကိုကား မည်သူက မည်ကဲ့သို့ဆိုဆို ချီးကျူးရန် သင့်ပေသည်။ ၎င်းသည် တစ်ခါတစ်ရံ အဝတ်ဖွပ်၍ တစ်နေ့မှာ သုံးကျပ်လောက်ရသည်။ တစ်ခါတစ်ရံ တစ်ကျပ်နှင့် ပြားငါးဆယ်လောက်ရသည်။

တင်မောင်မြင့်တို့ သားအမိနှစ်ယောက်သည် နံနက်တွင် ပဲငါးပြားဖိုးဝယ်၍ လက်ဖက်ရည်ဖန်နှင့် ထမင်းစားကြခြင်းများလေသည်။ ညနေမှာ ဟင်းရည်၊ ရေတ်သီးထောင်းနှင့် အစားများသည်။ တစ်လမှာ တစ်ခါလောက် ဟင်းကောင်းနှင့် ထမင်းစားကြဟန် ရှိသည်။

တင်မောင်မြင့်မှာ သူ့အဖေ သေသွားသောအခါ စက်ဘီးတစ်စီးကျန်ခဲ့ရာ ၎င်းကို ရှိသေစွာ သိမ်းထား၍ တက္ကသိုလ်တွင် နေ့ကျောင်းသားအဖြစ်နှင့် ကျောင်းတက်သောအခါမှာ အသုံးပြုလေသည်။ ၎င်း၏အဖေသည် စာပို့လုလင်ဖြစ်သည်။ သေခါနီးတွင် တင်မောင်မြင့်အားမိမိ၏ဝတ္ထုပစ္စည်းများကို သုံးသောအခါ အရာရောက်ရောက်ဖြစ်ပါစေဟု မှာထားခဲ့လေသည်။

တင်မောင်မြင့်သည် တက္ကသိုလ်၌လည်း မည်သို့သော နိုင်ငံရေးအဖွဲ့များမှာမျှမပါဘဲ အေးအေးပင် စာပေပညာ သင်ကြားနေလေသည်။ လူဖျင်း လူညံ့၊ လူ့နောက်ပိတ်ကလေးဟု ဆိုရာသလော။

"မိခင်ကောင်းမှ သားကောင်းပေါ်ထွက်ခြင်း များသည်"

□

mgyoe.com

mgyoe.com

# အခန်း (၁)

တင်မောင်မြင့်သည် တက္ကသိုလ်သို့ရောက်သည့်နှစ်ကစ၍ပင် ၎င်းတို့၏အိမ်ဝိုင်းထဲမှာ ကောက်ရိုး ရိုးဖြတ်များကိုဝယ်၍ စုပုံထားပြီးသော် သိပ္ပံမှ မှိုမျိုးစေ့ကိုဝယ်၍ မှိုစိုက်လေသည်။ သို့သော် ထိုကောက်ရိုးပုံမှ မှိုမျိုးစေ့နှင့်စိုက်၍ ပေါက်လာသော မှိုများကိုမစား၊ ရောင်း၍လည်းမစား၊ သဘာဝအတိုင်း ပစ်ထားလေသည်။

ထို့နောက် တစ်နှစ်ကြာသော် ၎င်း၏ကောက်ရိုးပုံမှာ ထပ်ကာထပ်ကာ ပုံထားပြီးသော် ရေဖျန်းထားသဖြင့် အလွန်ဆွေးပြီးလျှင် မှိုများသည် များစွာပေါက်လာလေတော့ပြီ။ ထိုနှစ်မှာကား တင်မောင်မြင့်တို့၏ မှိုပေါက်သောအချိန်၌ မှိုဟင်းနှင့် ထမင်းစားရသည့်ပြင် တင်မောင်မြင့်၏ အမေသည် မှိုရောင်း၍ ငွေတစ်ရာ့ငါးဆယ်ရလေတော့ပြီ။

တင်မောင်မြင့်သည် စာမေးပွဲ အောင်စာရင်းထွက်လာသောအခါ နှစ်ဘာသာ ဂုဏ်ထူးနှင့်ပင် အောင်မြင်လေတော့ပြီ။

ထိုအခါ ၎င်းသည် အလွန်ဝမ်းသာသည့်သဘောနှင့် ၎င်း၏အိမ်

mgyoe.com

mgyoe.com


ဝိုင်းထဲတွင် ဘိတ်စံပယ်ရုံကြီး သုံးရုံကို ပြုပြင်ကာ ရေပေးသဖြင့် စံပယ်ပွင့်များသည် ခပ်စောစောပင် ပွင့်ကြသဖြင့် စံပယ်ပွင့်ဖိုးလည်း တစ်နေ့မှာ သုံးကျပ်လောက်ရလာတော့ပြီ။

တင်မောင်မြင့်သည် ၎င်းတို့၏ဒသမတစ်ငါးဧကရှိ အိမ်ဝိုင်းကလေးထဲတွင် ခြံပြုစုနေလေတော့ပြီ။ ၎င်းတို့၏ အရပ်မှာလည်း ရေမြောင်းကလေးတွင် ရေအစဉ်မပြတ်ကာထွက်ရှိသဖြင့် တင်မောင်မြင့်၏ လုပ်ကိုင်ပုံသည် နည်းလမ်းမကျစေကာမူ တင်မောင်မြင့် ပြုစုသော ခြံကလေးသည် စိုစိုပြည်ပြည်နှင့် တော်တော်ပင် လှပနေလေပြီ။

ထိုခြံကလေးက ကောက်ရိုးမှိုအပြင် စံပယ်ပွင့်၊ ပစ္စည်းပန်းညိုတို့လည်း ထွက်နေလေတော့ပြီ။

ထိုနှစ် မေလ သုံးဆယ်ရက်နေ့တွင် ဥရောပတိုင်းသားတစ်ယောက်သည် တင်မောင်မြင့်ထံ နေ့လယ်အချိန်တွင် ရောက်လာ၍ နှုတ်ဆက်ပြီးသော် ဤသို့ ပြောဆိုနေကြလေ၏။

"မင်း ကျွန်ုပ်၏အထက်တန်းကျောင်းမှာ အထက်တန်းဆရာလုပ်ပါ"

"မလုပ်ချင်ပါ"

"လခ အသားတင် သုံးရာ့ငါးဆယ်ပေးပါ့မယ်"

"မလုပ်ချင်ပါ"

"လခ နည်းလို့လား"

"ခင်ဗျား တစ်လမှာ သုံးထောင့်ငါးရာပေးရင်တောင် ကျွန်တော် မလုပ်ပါ"

"အို... ဘာကြောင့်လဲ"

"မပြောချင်ဘူးဗျာ"

"ပြောသာပြောပါ၊ ကိစ္စမရှိပါဘူး"

"ခင်ဗျားတို့ ဗမာပြည်က အင်္ဂလိပ်စာကို အင်မတန့် အင်မတန်


mgyoe.com

mgyoe.com


ကြီး အမွှမ်းတင်နေတော့ အင်္ဂလိပ်စာ သင်ကြားရေးကို သူငယ်တန်းက စတင်ကာဗန်းပြပြီး စာသင်ကျောင်းကို တည်ထောင်နေတယ်၊ အဲသည်လို တည်ထောင်နေပြီး ခင်ဗျားတို့ရဲ့ ဈေးကွက်နောက်လိုက်နိုင်ငံဖြစ်အောင် ကျင့်ဆောင်နေတာကို ကျွန်တော် သိတယ်ဗျာ"

"အို... ဒီလို မဟုတ်ပါဘူး၊ ကိုတင်မောင်မြင့် အထင်လွဲနေပါပြီ"

"ကျွန်တော့်ကို ငွေနှင့်လာပြီး ဗန်းပြကာလှည့်စားလို့ မရဘူး ကျွန်တော်ဟာ ဗယာကြော်တစ်ကွင်းနဲ့ ထမင်းတစ်နပ် စားနိုင်တယ်၊ တိုင်းရင်းရက်ထည်ကြမ်းနှင့် မင်္ဂလာအခမ်းအနားကို ဝင်ဝံ့တယ်၊ ပကာသနလိုတဲ့လူ မဟုတ်ဘူး"

"အထင်နှင့် အယူအဆ လွဲနေပါပြီ"

"မလွဲပါဘူးဗျာ၊ ခင်ဗျားတို့ စာသင်ကျောင်း ထောင်ပြီး ကလေးတွေ အား ဘာသာရေးကို သင်ပေးကာ အင်မတန် မွန်မြတ်ကာ အေးချမ်းသာယာစေနိုင်တဲ့ ဗုဒ္ဓဘာသာ မိရိုးဖလာ အယူဝါဒကို ဖျက်နေတယ်။ လူမျိုးရေး စိတ်ဓာတ်ညံ့အောင်လုပ်ပြီး ခင်ဗျားတို့ ဥရောပတိုက်သားဆိုတဲ့ တရားမဲ့ လူတွေကို အထင်ကြီးအောင်လုပ်ကာ နောက်လိုက်နိုင်ငံဖြစ်အောင် လုပ်နေတယ် မဟုတ်လား၊ ကျွန်တော်ကတော့ ဘွင်းဘွင်းပဲ"

"ဟာ... ခင်ဗျားယူဆသလို မဟုတ်ပါဘူး"

"တစ်ကို စုံခံမငြင်းပါနဲ့ဗျာ၊ ကျွန်တော်ဟာ အထက်တန်းကျောင်းမှာလည်း နေခဲ့ပါတယ်။ တက္ကသိုလ်မှာလည်း နေခဲ့ပါတယ်။ သိတယ် အမေကျော် ထွေးတော်ကို လွမ်းနေတဲ့ ကျောင်းသားတွေ ပေါက်ပွားလာပြီး စာသင်ကျောင်းများနှင့် တက္ကသိုလ်တွေမှာတောင် မပြောချင်ဘူးဗျာ၊ နိုးနေသူကို မနှိုးချင်ပါဘူး"

"ဟာ... အထင်လွဲနေပြီ၊ ကျွန်ုပ်တို့ မြန်မာလူမျိုးများကို ခေတ်မီလာအောင် သဘောနဲ့များစွာ ကူညီစောင့်ရှောက်ထောက်ပံ့လာတယ်"

mgyoe.com

mgyoe.com


"ခင်ဗျား သည်စကားကို ကျွန်တော့်ကိုပြောတာ အံ့သဗျာ၊ ကျွန်တော်ဟာ အကန်း မဟုတ်ဘူး။ အကန်းတွေသာ အမေကျော် ထွေးတော်လွမ်း ပြီး နိုင်ငံခြားက ဆွဲဆောင်တဲ့ ဝါဒနောက်ကို လိုက်ချင်လို့ အမွန်အမြတ် ထင်နေတယ်။ ဒါဟာ စစ်အေးတိုက်ပွဲမှာ လက်နက်ချပြီး နောက်လိုက် လုပ်ဖို့ရန် သစ္စာဆိုနေတာဗျ၊ ခင်ဗျားလာမဆွယ်နဲ့"

"အိုး"

"ခင်ဗျား မအိုးနှင့်။ ခင်ဗျားတို့ မဟာမိတ်ဆိုတဲ့တပ်တွေ ဗမာပြည်သို့ ဗမာများ အကူအညီနှင့် ပြန်ဝင်လာတော့ ဂျပန်တစ်ယောက်မျှ မရှိတဲ့ မြို့တွေ၊ ရွာတွေကို မီးတိုက်ဖျက်ဆီးပစ်တာက သက်သေပြနေတယ်။ ဟောသည်မှာ ကျွန်တော်တို့ နှစ်ထပ်အိမ်ကြီးမှာ ပြာကျသွားလို့ ခုတဲ ကုပ်ကလေးနှင့်နေရတယ်"

နိုင်ငံခြားသား ကျောင်းအုပ်ကြီးသည် တင်မောင်မြင့်ကို ဆွယ်၍ မရသောကြောင့် ၎င်း၏ကားကလေးနှင့် ပြန်လေတော့၏။

နောက်တစ်နေ့ ညနေသော် တင်မောင်မြင့်သည် ၎င်း၏ခြံကလေး ထဲ၌ ပြုစုဖွယ်ရာများကို ပြုစုနေ၏။ ၎င်း၏အမေသည် ပန်းညိုများ၊ ပစ္စည်းပန်းများတို့ကို စည်းနေ၏။ ပန်းသည်မကြီးသည် ပွင့်လုနီး၊ ပွင့်တော့မည် အာတော့မည်ဖြစ်သည့် စံပယ်ဖူးများကို ရွးနေ၏။

ထိုသို့ သည်တွင် အလွတ်ကျောင်းတစ်ကျောင်းမှ ဆရာမ ဒေါ်မြနှစ် သည် တင်မောင်မြင့်ထံသို့ ရောက်လာ၏။ ဒေါ်မြနှစ်သည် တင်မောင်မြင့် ထက် တစ်နှစ်စော၍ ကျောင်းထွက်ကာ အလွတ်ကျောင်းတစ်ကျောင်း တွင် ကျောင်းဆရာမလုပ်နေသော ဘီအေမဖြစ်၏။

"ထိုင်ပါဗျာ"

"ရှင် ခုဘာလုပ်မယ် စိတ်ကူးနေသလဲ"

"သည်မှာ အလုပ်လုပ်နေတာပဲ။ ပန်းညိုပင်တွေ စိုက်၊ ပစ္စည်း

mgyoe.com

mgyoe.com


ပင်တွေစိုက်၊ စံပယ်ပင်တွေ ပြုစုနေတယ်"

"ကျွန်မတို့ ကျောင်းမှာ အလုပ်ဝင်လုပ်ပါ။ ကျွန်မ ကျောင်းအုပ်ကြီးနဲ့ စကားစပ်ထားပါတယ်"

"အဝတ်ဖွပ်သည်မသားဟာ ကျောင်းဆရာအလုပ်နှင့် မတန်ဘူးဗျ။ ဒိုဘီလုပ်ဖို့ဆို ဟုတ်ပါသေးတယ်၊ တော်လည်း တော်တယ်။ ကျွန်တော် သိတတ်ပါတယ်ဗျာ"

"ရှင့်နှယ်ရှင်"

"ဒါပဲဗျာ ကျွန်တော်နှင့် ကျောင်းဆရာအလုပ်ဟာ မတန်ဘူးဗျ မလုပ်ချင်ပါဘူး"

"ရှင်စဉ်းစားရှင်၊ ရှင်လုပ်မယ်ဆိုရင်တော့ နက်ဖြန် စကားပြန်ရှင်"

"ခု စကားပြန်လိုက်တာပဲ၊ ကျွန်တော် မလုပ်ပါဘူး"

ဒေါ်မြနှစ်သည် တင်မောင်မြင့်၏ ထောင့်မစေ့သော စကားအရ ပြန်သွားလေ၏။

ဒေါ်မြနှစ်သည် အိုင်အေတွင် နှစ်နှစ်၊ ဘီအေတွင် နှစ်နှစ် ဝင်ခဲ့ရ၏။ ၎င်းသည် တင်မောင်မြင့်ကို အိုင်အက်စ်စီ၊ ဘီအက်စ်စီ၊ ဘီအေတို့၌ နှစ်ချင်းအောင်လာ၍ အများက ချီးမွမ်းစကားပြောကြသောအခါ အောင်ပေတယ်လို့ အလကားပါရှင်၊ အဝတ်ဖွပ်သည်သား မစွံပါဘူးဟု ဆိုခဲ့၏။ ထိုသို့ဆိုသော စကားသည် လေထဲ၌ ပျံ့နှံ့သွား၍ တင်မောင်မြင့်၏ နားသို့ ရောက်သွား၏။

ထိုသို့သော သဘောကြောင့် တင်မောင်မြင့်သည် ဤသို့သော စကားကို ဒေါ်မြနှစ်အား ပြောလိုက်လေသလား၊ အကယ်၍ ဟုတ်ခဲ့သော် တင်မောင်မြင့်ကို ခေတ်နှင့်အညီ သုံးထိုက်သော လူတစ်ယောက်လား၊ တင်မောင်မြင့်သည် ထိုသို့သော သဘောကြောင့် ဤကဲ့သို့ ပြောလိုက်ချေသော် ပြောထိုက်သလား။

mgyoe.com

mgyoe.com


ဒေါ်မြနှစ်သည် တက္ကသိုလ်မယ်ဘဝတွင် အတော်ပင် ထင်ရှားသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။ ၎င်းသည် တင်မောင်မြင့်အားသမဂ္ဂရွေးကောက်ပွဲတွင် ၎င်းတို့၏ဘက်က မဲပေးရန် သွေးဆောင်ရုံမျှမက မဲဆွယ်သောသဘောနှင့် ကိုယ်တိုင်လည်း တပ်အပ်ကျပြောာ၏။ ထိုအခါ တင်မောင်မြင့်က ကျွန်တော်ဟာ မဲပေးဖို့တက္ကသိုလ်မှာ တစ်လတစ်ဆယ့်ငါးကျပ်ပေးပြီး လာနေတာမဟုတ်၊ အတတ်ပညာ သင်ကြားခံယူဖို့ လာနေတာဟု ပြတ်ပြတ်ပြောာ၏။

အခြားသူများကလည်း ထိုစဉ်အခါက လာရောက်သွေးဆောင်ပြောဆိုကြ၏။ တင်မောင်မြင့်လည်း ထိုကဲ့သို့ ပြောဆို၍ အေးအေးပင်နေလိုက်၏။ ထိုသို့သော သဘောကြောင့် တင်မောင်မြင့်သည် ကျောင်းသားဘဝတွင် အခြားတက္ကသိုလ် မောင်–မယ်များနှင့် အစေးမကပ်ချေ။ သို့ရာတွင် အားကစားကို လေ့လာသော ကျောင်းသားတို့ကား တင်မောင်မြင့်သည် ဘောလုံးကန် အလွန့်အလွန်တော်သောကြောင့် ၎င်းကို ဆက်ဆံခြင်းပြုကြကုန်၏။

တင်မောင်မြင့်သည် ဘောလုံးကန်လိုက်သော်လည်း ထိုအသင်းအပင်းတို့နှင့် ဖော်ရွေစွာ သွားလိုက်၊ စားလိုက်၊ အပျော်လိုက်နှင့် ပေါင်းသင်းဆက်ဆံခြင်းကိုကား မပြုချေ။

ယခု တင်မောင်မြင့်သည် ဝိဇ္ဇာသိပ္ပံဒီဂရီကို ယူလာခဲ့သောသူဖြစ်သည်။ သူသည် ခေတ်အလျောက် စာသင်သားတို့၏သဘောအရထောင့်မကျိုး၊ အရေးအရာ မဝင်သောသူတစ်ယောက်ကဲ့သို့ ဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သော သဘောကြောင့်ဖြစ်၏။

အခြားဒီဂရီ ရလာကြသော သူတို့သည် အလုပ်ရှာကြ၏။ အလုပ်လျှောက်ကြ၏။ တက်လမ်းဟု မျှော်မှန်းကာ ဆောင်ရွက်နေကြ၏။ တင်မောင်မြင့်ကား ငါမှာ အလုပ်ရှာဖွေစရာ မလို။ ငါ့မှာ မှိုစိုက်၍ ဆယ့်နှစ်

mgyoe.com

mgyoe.com


ရာသီ မှိုကျင်းက မှိုထွက်ရန် ပစ္စည်းပန်း၊ ပန်းညိုတို့ ဆယ့်နှစ်ရာသီထွက်ရန်တို့သည် ငါ့အလုပ်ရင်း၊ ဆောင်းဥတုဝင်လာသောအခါ နှင်းဆီပန်း နေ့စဉ်လှိုင်လှိုင်ထွက်ရန်သည် ငါ့အလုပ်ရင်း စသည်တို့ဖြင့် ဘီအက်စ်စီ တင်မောင်မြင့်မှာ အလုပ်မလျှောက်ရဘဲနှင့် အလုပ်ရနေသူ ဖြစ်၏။

ငင်းအပြင် ငင်းတို့၏အရပ်၌ စာဖတ်သင်းကို တည်ထောင်ထား၍ စာဖတ်သင်း ပိဋကတ်တိုက်မှူးကိုလည်း လုပ်လေ၏။ ထိုမှတစ်ပါး တင်မောင်မြင့်သည် ခရိုင်ဝန်၊ ခရိုင်ရဲဝန်တို့နှင့် တွေ့ဆုံ၍ အသိပေးပြီးသော် ငင်းတို့၏အရပ်မှ စေတနာ့ဝန်ထမ်း မီးသတ်သင်းကို ဖွဲ့စည်းထားပြီးလျှင် အရပ်ကင်းတစ်ကင်းကိုလည်းကောင်း တည်ထောင်ထား၏။ ထိုစေတနာ့ဝန်ထမ်း မီးသတ်သင်းနှင့် အရပ်ကင်းမှာ လူငယ်လူရွယ် ကလေးများ ပါဝင်ကာရှိကြ၏။ ငင်းသည်လည်း တင်မောင်မြင့်၏ အလုပ်တစ်ခု ဖြစ်နေ၏။

ထိုသို့သော တင်မောင်မြင့်သည် ဖွန်လ ဆယ့်ငါးရက်နေ့ နေ့လယ်တွင် မဂ္ဂဇင်းတစ်ခုကို ဖတ်ကြည့်နေ၏။ ထိုအချိန်တွင်ပင် ငင်း၏အိမ် စုတ် အိမ်ကုပ်ကလေး၏ရှေ့၌ တောက်ပြောင်လှပသော ကားကလေး တစ်စင်းသည် ဆိုက်ရောက်လာပြီးသော် ကားပေါ်မှ မိန်းမပျိုကလေး သွက်သွက် နှစ်ယောက်သည် ဆင်းလာ၏။

ငင်းတို့သည် အလွတ်ကျောင်းတစ်ကျောင်းမှ ဆရာမ တင်တင်နှင့် စောစောတို့ဖြစ်၏။ ငင်းတို့သည် ဘီအေမအောင်သေး၊ ဘီအေအောင်ရန် ကြိုးစားတုန်းပင်ဖြစ်၏။ တင်တင်နှင့်စောစောမှာ ဘီအေ အောက်တန်းကိုအောင်ပြီး ဖြစ်၏။ ငင်းတို့သည် တက္ကသိုလ်တွင် နေစဉ်က နာမည်ကြီး နာမည်ကျော်အဖွဲ့တွင် အတော်ပင် အရေးပါ အရာရောက်သော အမှုဆောင်များ ဖြစ်ကြ၏။

တက္ကသိုလ်မှာတုန်းက သမဂ္ဂရွေးကောက်ပွဲတွင် တင်မောင်မြင့်ကို

mgyoe.com

mgyoe.com


၎င်းတို့၏ဘက်မှ မဲပေးရန် သွေးဆောင်ဖို့ ပြောသောအခါ တင်တင်က အလကားနွားပါ၊ နွားမှာ နားမရှိဟု ဆိုဖူး၏။ စောစောက သည်လို အောက်တန်းစား အနုညာတကို လူရေး လူရာသွင်း၍ မဲဆွယ်ရန် မလို ဟု ဆိုဖူး၏။ ယင်းတို့နှစ်ယောက်ဆိုသောစကားသည် တက္ကသိုလ်မှာ တုန်းက တင်မောင်မြင့်၏နားသို့ ရောက်ဖူး၏။

တင်မောင်မြင့်ကား ပါတီနိုင်ငံရေးသမားများ၏ ကိုက်ခွေး၊ ဟောင် ခွေး၊ ဟိန်းခွေးတို့သည် ကိုက်မည်၊ ဟောင်မည်၊ ဟိန်းမည်၊ ဤမျှသာ တည်းဟု ဂရုမစိုက်ခဲ့ချေ။ ယခုလို တင်တင်နှင့် စောစောသည် တင်မောင်မြင့်၏ထံသို့ ရောက်လာကြ၏။

တင်မောင်မြင့်လည်း ၎င်းတို့ကို ခုံရှည်ကလေးတစ်ခုနှင့် ဧည့်ခံပြီး သော် ဤသို့ ပြောဆိုနေကြလေ၏။

"ထိုင်ကြပါဗျာ၊ ဘာကိစ္စ"

"ရှင်–ခု ဘာလုပ်မယ်များ စိတ်ကူးနေသလဲ"

"ရပ်ကွက်အတွက် စေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူး လုပ်နေ တယ်"

"ကျွန်မတို့ကျောင်းမှာ အထက်တန်းဆရာ လုပ်ပါ"

"နွားဟာ ကျောင်းဆရာလုပ်လို့ ဖြစ်ပါ့မလားဗျာ၊ အောက်တန်းစား အနုညာတဟာကော ကျောင်းဆရာလုပ်လို့ တော်ပါ့မလား၊ လုပ်ရင် ကျောင်းပါနံ့သွားမှာပေါ့။ ဝဲ့ဘူးလို့ ကျောင်းသားတွေ တတ်ကုန်လိမ့်မယ်"

တင်တင်နှင့် စောစောကား အရင်က ၎င်းတို့ပြောထားဆိုထားခဲ့ သောစကားကို မှတ်မိသည် မမိသည် မသိ၊ မျက်နှာချိုသွေးကာ မျက်ထား ကြည်ကြည်နှင့် တစ်ဖန် ပြန်ပြင်၍ ဤသို့ဆိုလေ၏။

"ကျွန်မတို့ကျောင်းမှာ ကျောင်းဆရာလာလုပ်တဲ့ ရှင်တို့လိုလူဟာ တက်လမ်း အလွန်လွယ်တယ်ရှင့်"

mgyoe.com

mgyoe.com


"ဘယ်ကို တက်ဖို့လဲ၊ မိုးကုတ်ကို တက်ဖို့လား၊ သိန္နီ၊ သီပေါတက်ဖို့လား"

"ရှင့်နှယ်ရှင်"

"ဒါဖြင့် ဘာလဲ မတင်တင်၊ ဘယ်ကိုတက်ရမလဲ"

"ကိုကျော်တို့မှာ ဘီအေမှ မအောင်သေးဘူး၊ ရှင့်လို အားကစားသမားပဲ။ ကျွန်မတို့ကျောင်းမှာ တစ်နှစ်လာလုပ်ပြီး နိုင်ငံဝန်ထမ်း စာမေးပွဲဝင်၊ ခုရှင်မြို့မှာ မြို့အုပ်ပါလား"

"ခင်ဗျားတို့တော့ မတက်သေးပါဘူး"

"ကြည့်စမ်း၊ ကိုတင်မောင်မြင့် ကျွန်မတို့က အမျိုးသမီးရှင့်"

"အမျိုးသမီးကော ဘာဖြစ်သလဲ၊ တက်နိုင်တာပေါ့"

"ရှင့်နှယ်ရှင်၊ ကျွန်မတို့တော့ ရှင့်ကို ကျွန်မတို့ရဲ့ ကျောင်းမှာလုပ်စေချင်တာပဲ"

"မတော်တဆဗျာ"

"ရှင် ဘာမှစိတ်ပူစရာမရှိ၊ ကျွန်မတို့ကျောင်းဟာ အင်မတန်အောင်ချက်ကောင်းတဲ့ ကျောင်းရှင့်။ ယခုနှစ်မှာ မက်ထရစ် သုံးဆယ်အောင်ပြီး ကျောင်းထွက် လက်မှတ်စာမေးပွဲမှာ ခြောက်ဆယ်တောင်အောင်ကြတယ်၊ ရှင်ကြော်ငြာကို တွေ့ပါလိမ့်မယ်"

"တွေ့ပါတယ်၊ ကျွန်တော် မေးပါရစေ"

"မေးပါ"

"စာမေးပွဲ အောင်တာနဲ့ အတတ်ပညာရှိရောလား၊ စာမေးပွဲအောင်တာနဲ့ လူ့လမ်းစဉ်ကို နင်းမိရောလား"

"ရှင့်နှယ်ရှင်၊ ဒါဟာ ရှင်အလုပ်လုပ်ဖို့နဲ့ ဘာသက်ဆိုင်သလဲ"

"ဆိုင်ပါသော်ကော"

"ဘာဆိုင်သလဲ"

mgyoe.com

mgyoe.com

"ကျွန်တော်သာ စာမေးပွဲအောင်တာ၊ သူတစ်ပါးကိုတော့ တတ်အောင် မသင်တတ်ဘူး။ အချို့ကတော့ စာမေးပွဲ မအောင်ပေမယ့် သူတစ်ပါးအား တတ်အောင်သင်ပေးနိုင်ပါတယ်၊ ဒါကြောင့်ပါပဲဗျာ"

"မဆိုင်ပါဘူး ရှင်"

"ဆိုင်ပါသော်ကော"

"ဘာဆိုင်သလဲ ရှင်"

"စာပေ ပညာ သင်ကြားတယ်ဆိုတာ စာပေ အတတ်ပညာကို ကောင်းစွာတတ်အောင် သင်ပေးရပါတယ်။ စာပေအတတ်ပညာကို ကောင်းစွာတတ်တယ်ဆိုတာဟာ ကြက်တူရွေး၊ လင်းမြီးဆွဲတို့ကို ရနေခြင်း၊ တုပ၍လိုက်ဆိုတတ်ခြင်းကို ခေါ်တာ မဟုတ်ဘူးဗျ၊ ယထာဘူတ ကျကျအကြောင်းအကျိုးကို ကောင်းစွာ သုံးသပ်ဆင်ခြင် စဉ်းစားတတ်ခြင်းကို ခေါ်တာဗျ။ ပြီးတော့လည်း စာပေသင်ကြားပေးတယ်ဆိုတာဟာ လူ့လမ်းစဉ်ကို မြင်သိပြီး လျှောက်တတ်အောင်သင်ပေးတတ်မှ သင်ကြားပေးရာ ရောက်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ခင်ဗျားတို့ကဲ့သို့ လူ့လမ်းစဉ်ဟာ ဘာလဲလို့မသိတော့ ကျွန်တော် ကျောင်းဆရာ မလုပ်ဝံ့ပါဘူး ခင်ဗျား၊ ခင်ဗျားတို့လာခေါ်တာကို အားနာပါတယ်"

တင်တင်နှင့် စောစောတို့သည် တင်မောင်မြင့်နှင့် အစပ်မတည့်သောကြောင့် ပြန်သွားလေ၏။

တင်မောင်မြင့်၏ ခြေလှမ်းကို သတိပြုကာ စဉ်းစားသင့်ပေသည်။ တင်မောင်မြင့်သည် လူချမ်းသာသားလား၊ ၎င်းမှာ ငွေကြေးဥစ္စာ ပေါများနေသလား၊ သူသည် အလုပ်လုပ်ရန်လာခေါ်သည်ကို တောပြောတောင်ပြောနှင့် အဘယ်ကြောင့် ငြင်းပယ်ဘိသနည်း၊ ၎င်းသည် အစိုးရကျောင်း၌ အလုပ်လုပ်ရန် လျှောက်ထားလေသလား။

တင်မောင်မြင့်သည် တင်တင်နှင့် စောစောတို့ ပြန်သွားပြီးနောက်

mgyoe.com

mgyoe.com


မကြာမီပင် ရေပန်းကရားတွင် ရေထည့်၍ ကောက်ရိုးပုံများကို ရေဖျန်းတော့၏။ ထို့နောက် အိမ်ဝိုင်းထဲရှိ ပိန္နဲပင်များကို လိုက်လံကြည့်ရှုနေ၏။

၎င်း၏ပိန္နဲပင်များမှာ အတော်ပင် အားရစရာ ဖြစ်၏။ အိမ်ခြံလေးထောင့်၌ ပိန္နဲပင်တစ်ပင်စီရှိ၍ အိမ်မာမျိုးဖြစ်၏။ အပင်ရင်းမှာကပ်၍ ဝက်နို့စို့သကဲ့သို့ သီးရာ ထိုနှစ်မှာ တစ်ပင်တွင် နှစ်ဆယ်ခန့် သီး၏။

အိမ်ရှေ့ဝင်းပေါက်ဝမှာလည်း ပိန္နဲတစ်ပင်ရှိရာ အိမ်ပျော့မျိုး ဖြစ်၏။ ထို့အတူ အရှေ့အနောက်မြောက် ခြံစည်းရိုးနှင့် ငါးတောင်ကွာအလည်တည့်တည့်မှာလည်း အိမ်ပျော့တစ်ပင်နှင့် အိမ်မာ နှစ်ပင်ရှိ၍ တော်တော်ပင် သီး၏။

ထိုသို့ တင်မောင်မြင့် ပိန္နဲပင်များကို ကြည့်ရှုနေသည်တွင် သစ်သီးတန်းမှ ဈေးသည်မကြီး တစ်ယောက်သည် မြင်းလှည်းနှင့် ရောက်လာ၍ ပိန္နဲသီး အိမ်မာအရင့်များကို ဝယ်လေ၏။ ထိုအခါ တင်မောင်မြင့်လည်း ဒေါ်ဒေါ်ကြိုက်သလို ဆွတ်ယူ၊ တစ်လုံးပြားငါးဆယ်ပဲဟု ပြောပြီးသော် စံပယ်ပင်များထံသို့ သွားလေ၏။

ထိုဈေးသည် အဒေါ်ကြီးသည် ပိန္နဲသီးရင့် အလုံးနှစ်ဆယ်ကို ရှာဆွတ်၍ ငွေနှစ်ဆယ် ထုတ်ပေးလေ၏။

"ဒေါ်ဒေါ် တစ်လုံး ပြားငါးဆယ်ပါ၊ ဘယ့်နှယ်"

"စကားမများနဲ့ ပေးတာယူ၊ တကတဲတော် ပိန္နဲသီးတုံးတော့ မယ်၊ သူဈေးတန်နေတာကိုမသိ၊ သူ့ခြံမှာသာ ရှိတယ်"

"ဟာ... မတော်တာ ဒေါ်ဒေါ်နှယ်"

"ဟေ့– ပေးတာကိုယူ၊ တကတဲ သိုင်းခြုံနှယ်တော် ဘယ်လိုသားကိုများ မွေးထားပါလိမ့်"

"ဒေါ်ဒေါ်ရယ် ပိန္နဲသီးဈေး ကြီးတော့မှာပဲ"

"ကြီးရမယ်၊ ဒါမှ ညီမျှတယ်။ ငွေရှင်တွေ သူတို့ရဲ့ကုန်တွေပေါ်မှာ

mgyoe.com

mgyoe.com

အမြတ်ကြီးစား၊ ငွေတိုးကို နင်းယူ၊ ဒီတော့လည်း တို့က အသီးအနှံဈေး တွေ မြင့်ယူရမယ်၊ ဈေးထဲမှာ ဈေးခွန် ဈေးကောက်ကလည်း သိပ်ကြီး တယ်၊ ဒါကြောင့်ကို ဈေးကြီးနဲ့ ရောင်းရမယ်”

“ဒေါ်ဒေါ်ဟာ သိပ်ခက်တာပဲ”

“ဘာခက်သလဲ၊ မင်းအလယ်တန်းကျောင်းမှာ ပြန်နေ။ ကသည် လေးနှင့်ညီမျှလျှင် ကနှစ်ထပ်ဟာ လေးနှင့်ညီမျှရမယ်ဆိုတာ မှားတယ်။ ကနှစ်ထပ်ဟာ လေးနှစ်ထပ် တစ်ဆယ့်ခြောက်နှင့် ညီမျှရမယ် ဆန် သည်၊ ဆီသည်၊ အထည်သည်၊ ကြက်သားသည်၊ ငါးသည်တွေက ဈေးကြီးသလို တို့သစ်သီးသည်ကလည်း ဈေးကြီးရမှာပဲ”

ထိုသို့ ပြောပြောဆိုဆိုနှင့် ပိန္နဲသီး အလုံးနှစ်ဆယ်အတွက် ငွေနှစ် ဆယ်ထားခဲ့ပြီးသော် ထိုဈေးသည် အဒေါ်ကြီးသည် မြင်းလှည်းနှင့် ပြန် သွားလေ၏။ တင်မောင်မြင့်လည်း စံပယ်ရုံတစ်ရုံမှ အရွက်များကို အဖူး လှိုင်လှိုင် ထွက်စေရန် ခူးချနေလေ၏။ (ဤကား စမ်းသပ်ခြင်းသဘော)

တင်မောင်မြင့်ကား တစ်မျိုးသော လူငယ် လူပျိုပင် ဖြစ်၏။ ထိုနေ့ ညဦး စောစောသော် စစ်ပြန်ရဲဘော်ကြီးတစ်ယောက်၏အိမ်သို့ သွားရောက်ပြီးလျှင် အနေကျအတိုင်း လက်ဖက်ရည်ဖန်ကို ချေသား အသည်းကင်နှင့် သောက်စားနေရင်း ဤသို့ ပြောဆိုနေလေ၏။

“မောင်တင်မောင်မြင့်ကတော့ ဦးကို ပြောဦးတော့မှာပဲ”

“ဘာလဲ ခင်ဗျာ”

“ကနေ့ ချေသုံးကောင် ရခဲ့တယ်”

“မပြောပါဘူး ခင်ဗျား၊ သူ့ဝင်္ဂနှင့် သူ့ကြမ္မာလို့ပင် သဘောထား ပါပြီ။ ဦးတို့လို လူမရှိရင်လည်း တောထဲမှာ ချေတွေ သိပ်ပေါပြီး လုပ်ခင်း တွေကိုဖျက်မှာ သေချာပါတယ်”

“ဒါဟာ ဟုတ်တယ်ကွဲ့၊ တစ်နေ့က မင်းက သူတို့ကို မပစ်ပါနဲ့

mgyoe.com

mgyoe.com


သနားစရာဆိုတော့ ကျုပ် မချေပတတ်ဘူး၊ ယခု သတိရလာပြီ ဟိုရွာက ကျုပ်ကို တမင်ကို လှည်းနှင့်လာပြီးခေါ်တာ၊ သူတို့ရဲ့ယာကို ချေများလာပြီး ဖျက်ဆီးလို့တဲ့"

"ဒါထက်ဆိုးတာက ရှိတယ်ခင်ဗျာ"

"ဆိုစမ်းကွယ်၊ ကျုပ်က မင်းလို ပညာမတတ်ဘူး"

"ဦးလေးထန်ကလည်း"

"ပြောစမ်းပါကွယ်၊ ဘာဆိုးသလဲ"

"သည်ကောင်တွေ များပြီး လူနှင့်နီးနီးစပ်စပ် လာနေရင် ကျားသစ်နှင့် ကျားရောက်လာမယ် ခင်ဗျာ"

"ဒါတော့ သေချာတယ်"

"ရောက်လာရင် လူများ မွေးထားတဲ့နွား၊ ဆိတ်တို့ကို ကိုက်မယ် ခင်ဗျာ၊ နောက် အတင့်ရဲပြီး လူကိုပါ ရန်မူလာမယ် ခင်ဗျာ"

"ဟုတ်ပြီကွယ်။ ဒါကြောင့် ထင်တယ်၊ ကျုပ်တို့ ချေတစ်ကောင်ကို ရပြီးတော့ တောရဆောက်တည်နေတဲ့ ဘုန်းကြီးတစ်ပါးနှင့် တွေ့တယ်။ တို့ကတော့ ရှိသေသမှုနှင့် ယို့ပြီး ကွယ်ဝှက်ထားပေမဲ့ မြင်တာပါပဲ။ မြင်ပေတယ်လို့ ဘာမှမပြော၊ ဘာမှမတားဆီးဘူးကွဲ့၊ မနှစ်ကတောင် အဲသည် တောရကျောင်းကို ကျားသစ်လာလို့ ခွေးဆိုတစ်ကောင်မှ မထားဝံ့ဘူးကွဲ့"

"ဒါထက် ဦးလေးထန်"

"ဆိုကွယ်"

"ဦးလေးထန်တို့ ချေသားတွေကို ဈေးကြီးမှာ သွားချတော့မယ်"

"အင်း... ပြင်တောင်ပြီးပြီ"

"သည်တော့ ဈေးကို အမဲသားဈေး သာသာ ကလေးထား ခင်ဗျာ"

"ဘာကြောင့်"

mgyoe.com

mgyoe.com


"အဲသည်လို ဒေါ်ဒေါ်တို့ကရောင်းရင် ရောင်းတဲ့နေ့မှာ အသားငါးဈေးဟာ ကျမယ်ခင်ဗျာ၊ ဒါဟာ ကုသိုလ်ပဲ ခင်ဗျာ"

"အင်း... မောင်တင်မောင်မြင့် ကျုပ်သဘောကျပြီ၊ ကျုပ်မိတ်ဆွေ စစ်ပြန်တွေလည်း ကျုပ်လိုပဲ တောပစ်ဝါသနာပါကြလို့ ပစ်ကြတယ်၊ တချို့ ဆတ်ပြောင်များကိုတောင် သုံးလေးကောင်ရကြတယ်၊ ဈေးချပြီး ရောင်းကြပါလို့ ညှိရမှာပဲ၊ ဒါမှ အသားငါးဈေး ကျမယ် ဟုတ်တယ်ကွယ်"

ထိုသို့ စကားပြောနေရာသို့ ကန်စွန်းရွက်၊ ကြက်သဟင်းရွက်၊ ဟင်းညှံ့ဘူး၊ ကျွဲခေါင်းသီး စသည်တို့ကို ရောင်းချနေသော အဒေါ်ကြီး ဒေါ်ကောင်းသည် ရောက်လာ၍ ၎င်းတို့အား ဤသို့ တီးလေတော့၏။

"ပေးစမ်းကွယ် ငါလည်း တစ်ခွက်၊ မင်းတို့က တောကောင်တွေ့ရရင် ဈေးချရောင်းဖို့ပြောတယ်။ တင်မောင်မြင့် လူမဖြစ်သေးတဲ့မောင်က ရွှေကိုယ်တော်တွေ စကားကို သံယောင်လိုက်ပြီး ပြောတယ်။ ဘာလဲ မင်းငါ့ကို ကြည့်မနေနဲ့၊ မင်းလူစော်မနံသေးဘူး"

"ပြောစမ်းပါဦး ကြီးတော်"

"ဟော့၊ ပါတီအစိုးရလက်ထက်မှာ မြူနီစီပယ်က စံငှားခွန်တွေဟာ အဆမတန်ကြီးလာတယ်၊ တစ်နှစ်ထက်တစ်နှစ်ကြီးလာတယ်ကွယ်"

"ဟုတ်တယ်"

"အဲသည်တော့ မီးခွန်၊ အမှိုက်ခွန် စသည်တို့ဟာလည်း သိပ်ကို တိုးလာတာပဲ။ အဲသည်တော့ ငွေရှင် လူချမ်းသာ၊ ခေတ်စကား အရင်းရှင်များမှာသာပြီး ထိတာပေါ့။ သူတို့ပါတီကို မထောက်ခံတဲ့ ကုန်သည်တွေမှာ သိပ်ကြီးနေတယ်"

"ဟုတ်တယ်"

"အဲသည်တော့ အဲသည်လို အခွန်တော်ကြီးတော့ သူတို့ကလည်း ဆန်ဈေး၊ ဆီဈေးနှင့် အထည်ဈေးတွေကို မြင့်တက်ပြီး ရောင်းတာပေါ့"

mgyoe.com

mgyoe.com


"ဟုတ်တယ်"

"ဘယ်ခေတ်မှာမဆို အစစပြည်တွင်းပစ္စည်း ဈေးနှုန်းဟာ ဆန်ဈေး၊ ဆီဈေးကို အမှီပြုပြီး ဖြစ်နေတယ်။ အဲသည်တော့ ဟိုရှေးတုန်းက ငါးပဟင်းရန်းဖူး တစ်ပြားတန်ကို ခုငါးပြား၊ ဆယ်ပြားနှင့် ရောင်းတယ်ကွယ်။ ကွဲခေါင်းသီးကောက်တာမှာပင် လိုင်စင်ယူနေရတော့ ကွဲခေါင်းသီးဈေးဟာလည်း ကြီးတာပဲ။ ဘာမဆို မန်ကျည်းရွက်၊ မန်ကျည်းပွင့်၊ ခဝဲသီး၊ ရုံးပတီသီးကစပြီး ဈေးကြီးမှာပဲ၊ မင်းတို့ချေသားတွေ ဈေးမလျှော့နှင့်၊ တစ်ပိဿာ ခြောက်ကျပ်သာရောင်း၊ ငါ့ခွေးတောက်ရွက်ကိုလည်း ဈေးကြီးရောင်းမှာပဲ"

ဒေါ်ကောင်းသည် ဤသို့လျှင် လက်ဖက်ရည်ဖန်သောက်လိုက်၊ ချေအသည်းကင်ကို စားလိုက်နှင့် ၎င်းတို့၏ဈေးနှုန်းများ မကျရရန် မချရန် ပြောပြလေ၏။

တင်မောင်မြင့်ကား ခေတ်လူငယ်သဘောနှင့် ဈေးနှုန်းကျရန်ကို အလိုရှိသဖြင့် ပြောနေ၏။ ၎င်းတို့နှစ်ဦးသည် သဘောမညီမျှကြသော်လည်း နှစ်ဦးလုံးပင် အကြောင်းပြကောင်းကြလေ၏။

တင်မောင်မြင့်သည် လူထုသက်သာချောင်ချိခြင်းကို အလိုရှိ၍ ပြောဆို၏။ ဒေါ်ကောင်းသည် ညီမျှခြင်း သဘောကို အခြေခံထား၍ ပြောလေ၏။ ဒေါ်ကောင်းက ကသည်ခြောက်နှင့်ညီမျှသော် ကအပေါင်းသုံးသည် ခြောက်အပေါင်းသုံးဖြစ်မှ ညီမျှရမည့်အပြင် ခသည် သုံးနှင့်ညီမျှလျှင် ငါးခသည် မည်သည့်နည်းနှင့်မျှ သုံးနှင့်မညီမျှနိုင်။ ငါးခသည် တစ်ဆယ့်ငါး (၅× ၃) ဖြစ်မှသာ ညီမျှနိုင်ပေလိမ့်မည်ဟု ပြောသည်ကို ဝိဇ္ဇာသိပ္ပံ တင်မောင်မြင့်သည် ပါးစပ်ဆွဲနေရတော့မည်ကဲ့သို့ ကြုံရလေ၏။ စာပေပညာ ကောင်းစွာ မသင်ကြားဖူးသော စစ်ပြန်ဦးဘိုးထန်ကား ပါးစပ်ဟောင်းလောင်းနှင့် နေလေ၏။

mgyoe.com

mgyoe.com


တင်မောင်မြင့်ထံ၌ ပိန္နဲသီး ဝယ်သွားသော ဈေးသည်မကြီးသည် ရှေးအခါက တိုင်းရင်းသားဘာသာ ကိုးတန်းအောင်ခဲ့၏။ ဒေါ်ကောင်းသည်လည်း ရှစ်တန်းအောင်ခဲ့၏။

ခေတ်၏အလိုအရ လူများမှာ နားမျက်စိကွယ်လာ၍ သဘောတရားများကို နားလည်နိုင်ရန် စာတတ်ဖို့လိုသည်ဟု ဆိုခြင်းကို အများကပင် သဘောတူကြ၍ ယခု စစ်ပြီးခေတ်မှာ စာသင်ကြားခံယူသူတို့ အလွန့်အလွန်များနေ၏။ စင်စစ် စာတတ်လျှင် နားမျက်စိကျယ်ရုံသာ မဟုတ်၊ အသိလည်း မာ၍ ကျယ်လာ၏။ ထိုမာ၍ကျယ်လာသော အသိသည်လည်း အကြောင်းအကျိုးနှင့် ဆီလျော်သဖြင့် အတော်ပင် ထိတ်စရာ လန့်စရာ ကောင်းသည်ဟု ဆိုရမည်လော။

တင်မောင်မြင့်လည်း ခေတ်စာပေတတ် သဘောနှင့် ကျင့်သုံးသည်။ အဒေါ်ကြီးနှစ်ယောက်သည်လည်း စာတတ်ပေတတ်သဘောနှင့် ပြောကြသည်။ အတော်ပင် အသက်ရှုကျပ်ဖွယ် ဖြစ်ချေသည်။

စင်စစ်သော်ကား စာမတတ်သော ဈေးသည်နှင့် စာကောင်းစွာတတ်သော ဈေးသည်သည် အတော်ပင် ခြားနားချက်ထွက်လေသည်။ စာတတ်ဆိုရာတွင်လည်း စာကိုသာ တတ်သည်အတွက် စာတတ်အင်္ဂါ မမြောက်သေး။ စာကိုသာ တတ်ခြင်းသည် ဘဝင်မြင့်ခြင်းနှင့် လမ်းသလား နေတတ်၍ အကြောင်းအကျိုးကို သုံးသပ်ဆင်ခြင်တတ်ခြင်းနှင့် တွဲ၍ စာတတ်မှသာ အစစ်စာတတ်သဘော ရောက်သင့်ပေသည်။

ပင်လယ်စားပြဟု ခေါ်ဆိုထိုက်သော နယ်ချဲ့များ လက်ထက်ကကား အကြောင်းအကျိုးနှင့် တကွသော စာပေတတ်ခြင်းကို တိုင်းရင်းသား စာသင်ကျောင်းများ (Vermacular Schools) ၌သာ အထူးထားကာ သင်ပေး၏။ သို့ရာတွင် ထိုကျောင်းများ (Verma Schools) ၌ စာသင်ကြားလိုသူတို့ အလွန်နည်းပေသည်။

mgyoe.com

mgyoe.com

အင်္ဂလိပ်ကျောင်းများ (Anglo vermacular schools) များနှင့်ကား အင်္ဂလိပ်စာကို အဓိကထား၍ ကြက်တူရွေးတတ် တတ်အောင် သင်ကြားပေးပြီးသော် ရာထူး ရာခံ လခစား ကောင်းကောင်းကို ရစေခြင်းကြောင့် ထိုကျောင်းများ (A.V Schools) တို့ကို တန်ဖိုးထားကာ အလွန်နှစ်သက်ကြ၍ လူကုံထံသားသမီးပေါင်း များစွာတို့သည် ထိုကျောင်းများ၌ စာသင်ကြားကြ၍ တိုင်းရင်းသားဘာသာသင် ကျောင်းများက စာသင်သားများကို လူသက်မမြှပ်ပင် ထင်ခဲ့ကြလေသည်။

ထိုသဘောအရ လွတ်လပ်ရေးရသည်ဆိုသော မြန်မာပြည်တွင် တဆန့်တငင်ငင်နှင့်ပင် ရှိသေးကြောင်းကို စဉ်းစားတိုင်း ထွက်လာနိုင်ပေလိမ့်မည်။

စင်စစ်သော်ကား ပင်လယ်ဓားပြသက်ဝင်သော နယ်ချဲ့ဖြစ်သည့် အင်္ဂလိပ်တို့သည် မိမိတို့ကို တော်လှန်မည့်အတွက် တော်တော်ပင် စိုးရိမ်ခဲ့လေသည်။ တော်လှန်ရာ၌လည်း လက်နက်စွဲကိုင်၍ တော်လှန်ခြင်းထက် သဘာဝကျကျ သဘောတရားနှင့် တော်လှန်မည်ကိုသာ၍ စိုးရိမ်သည့်အတိုင်း နယ်ချဲ့တို့သည် စာပေသင်ကြားရေးအားဖြင့် နှိမ်နင်းခဲ့လေသည်။ ဤကား ဥရောပတိုက်သားဆိုသူတို့၏ သဘောပင်ဖြစ်နေပေသည်။ ဤသည်လျှင် ကိုလိုနီစနစ်တွင် အကြီးဆုံးသော လက်နက်ဖြစ်ချေသည်။

ထိုသို့သော အင်္ဂလိပ်များ၏ နှိမ်နင်းထားခဲ့သော စနစ်သည် တည်မြဲရုံမျှမက ယခုမှသာ၍ ကွင်းကျဘိသကဲ့သို့ ဖြစ်ခြင်းကြောင့် အင်္ဂလိပ်စာမတတ်ချေသော် လူဖော်မဝင်သည့်အလားဖြစ်ပြီးလျှင် အစိုးရရုံးများသို့ အင်္ဂလိပ်စာ မတတ်လျှင် စာရေးကလေးအဖြစ်နှင့်ပင် မချဉ်းကပ်နိုင်၊ ရရန် ခဲယဉ်းနေလေသည်။ ထိုမျှမက အထက်တန်းပညာ နှင့် တက္ကသိုလ်ပညာများကို ဆင်းရဲလှသော တောသားများ (ဝါ)

mgyoe.com

mgyoe.com

ကျေးရွာသားများသည် သင်ကြားနိုင်ဖို့ရန် ခဲယဉ်းခြင်းကြောင့် နယ်ချဲ့မရှိသော်လည်း ပညာသင်ကြားရေး၌ နယ်ချဲ့၏စနစ်ကို တိုင်းပြည်က နှစ်သက်နေတုန်းကြောင့်ဟု ဆိုဖွယ်ဖြစ်နေခြင်းကြောင့် ကျေးရွာသားများနှင့် ဆင်းရဲ သားများမှာ ဖိနှိပ်ထားခြင်း ခံနေရသကဲ့သို့ ဖြစ်ချေသည်။ ဤသည် တိတ်စေတိတ်ဟုဆိုလိုရာရောက်၍ တိုင်းပြည်ငြိမ်းအေးချမ်းမြေ့စေကာမူ လူထုကား ဖွဲ၊ ဆန်ကွဲအဖြစ်မှ တက်ဖို့ ခဲယဉ်းလေသည်။

ဤဝတ္ထုနှင့် တင်မောင်မြင့်သည်လည်း ခေတ်သဘောနှင့် အတော်ပင် အသံထွက်လာ၍ ဒေါ်ကောင်းနှင့် သစ်သီးသည်သည်လည်း အတော်ပင် ခိုင်မာသော သဘာဝအသံနှင့် တည်နေသဖြင့် မျက်စိလည်စရာတွေ့နေပေသည်။ (ခေတ်အလျောက်စာများကို မဖတ်သူမှာ တိတ်စေတိတ်ဆိုသော အမိန့်အာဏာတည်နေသည်) (စာမဖတ်သူများကို ပြုပြင်လျှင် မောဟိုက် ပင်ပန်းရုံသာ ဖြစ်မည်။)

တင်မောင်မြင့်ကား ဆင်းရဲသူ အဝတ်ဖွပ်သည်၏သား ဖြစ်လေသည်။ သို့ရာတွင် ထိုအဝတ်ဖွပ်သည်မသည် လိမ္မာသူဖြစ်၍ သူ၏သား တင်မောင်မြင့်လည်း လိမ္မာပေသည်။ ထို့ကြောင့် တင်မောင်မြင့်သည် တက္ကသိုလ်၌ ဒီဂရီရပြီးသော် ကျောင်းထွက်လာနိုင်ပေသည်။

"လိမ္မာသူသည် ဆင်းရဲပင်ပန်းမှုကို အမြဲတွန်းကန်ထားနိုင်ပေသည်"

ရုပ်ဝါဒအားဖြင့် အထက်တန်းကျောင်းများ၊ တက္ကသိုလ်ကျောင်းတိုက်များတို့နှင့် ဤခေတ်မှာ ဆူဆူညံညံ အတိုက်အခံများ ပေါ်လာနေသည်ကို ချီးကျူးဖွယ်ဟု ဆိုစေကာမူ အစစ်သဘောအားဖြင့် ၎င်းတို့အတွင်းမှ တကယ့်စာပေအတတ်၊ ပညာတတ်များ ထွက်ပေါ်လာရန် နည်း၍ တိုင်းပြည်သည် ဆူညံလှုပ်ရှားခြင်းဖြင့် လမ်းသွားနေရတော့မည်ဖြစ်ရကား နယ်ချဲ့တို့၏အကြိုက်ဖြစ်ရမည်။ သည်သို့ဆိုသော်

mgyoe.com

နယ်ချဲ့တို့ ခင်းထားသော လမ်းကြမ်း၌ လျှောက်ပြေးနေရာရောက် မရောက်ကို သတိထားရသည်။

တင်မောင်မြင့်ကား ခေတ်အလျောက် စာပေပညာတတ်လာသူဟု စာရင်းဝင်ဖြစ်လာပေသည်။ ၎င်း၏ စိတ်ထားသည်လည်း တစ်မျိုး တစ်ဖုံဖြစ်နေဟန် ရှိပေသည်။ ၎င်းသည် နံနက်ချိန်၌ ၎င်း၏ခြံထဲရှိ ချဉ်ပေါင်၊ ရုံးပတီ၊ ဘူး၊ ခဝဲ၊ ဖရုံ စသော ဟင်းခင်းကလေး မတောက် တခေါက်၌ ပျော်မွေ့နေပြီးနောက် ရေမြောင်းများကို ပြုပြင်နေသည် တွင် ကားကလေးတစ်စင်းသည် တင်မောင်မြင့်၏ အိမ်စုတ်ပဲ့၏ရှေ့သို့ ရောက်လာ၏။

ထိုကားပေါ်မှ အမှတ် (၃) ကျောင်းမှ ကျောင်းဆရာကြီးသည် ဆင်းလာလေ၏။ တင်မောင်မြင့်သည် ဧည့်ခံကာ ဤသို့ စကားပြော နေရလေ၏။

"မောင်တင်မောင်မြင့် ဘာလုပ်မယ် စိတ်ကူးပါသလဲ"

"ကျွန်တော် စိတ်ကူးမနေဘဲ အလုပ်လုပ်နေပါတယ်"

"ဘာလုပ်နေသလဲ"

"ချဉ်ပေါင်ပင် စသည်တို့ကို လုပ်နေပါတယ် ခင်ဗျ။ လျှောက်ပြီး ကြည့်ဦးမလား ခင်ဗျာ"

"နေပါစေကွယ်။ မင်း ကျောင်းဆရာလုပ်ပါကွယ်၊ လျှောက်လွှာ လျှောက်ပါ၊ တို့ကျောင်းမှာ အထက်တန်းဆရာ နှစ်နေရာရှိပါတယ်"

"ဆရာ၊ ကျွန်တော် ကျောင်းဆရာ အတတ်ကို မတတ်၍ သူတစ်ပါး အား လူ့အတတ်နှင့် စာတတ်အောင် သင်မပေးတတ်သေးပါ"

"ဟာ... ဟုတ်ရိုးလား၊ နှစ်နှစ်လောက်လုပ်ပြီး နောက်ဆရာ အတတ်ကိုသင်ပေါ့။ ယခု မင်းလိုပဲ အလုပ်ဝင်လုပ်နေတဲ့ သူများလည်း များစွာရှိပြီး ဒီဂရီအတွက်တောင် လခအပိုရပါသေးတယ်"

mgyoe.com

mgyoe.com


"ဆရာ၊ ထွန်သွားမချွန်တတ်ဘဲနှင့် ယာသမားလုပ်နေသလို ဖြစ်နေမှာပါ၊ ကျွန်တော်ကျောင်းဆရာ မလုပ်လိုပါ၊ ပညာရေးဌာနဆိုတာ မှာလည်း တည်မြဲသော စည်းမျဉ်းမရှိပါ။ ကျွန်တော်မြင်ပြီးဖြစ်ပါတယ်။ ခုတစ်မျိုး ခုတစ်မျိုးဖြစ်နေလို့ အိမ်ကို ခဏ ခဏ ပြင်တာနှင့် နောက်ဆုံး မှာ အိမ်ပျက်ကြီးဖြစ်သွားသလို နေမှာမို့ ကျွန်တော် စိတ်မဝင်စားပါ"

ထိုဆရာကြီးကား ၎င်း၏ကျောင်းမှာ ဘီအေ၊ ဘီအီးဒီများ များနေ၍ ၎င်းကျောင်းအတွက် သင်္ချာနှင့် သိပ္ပံအထက်တန်းတွင် သင်ကြားရန် ဆရာလိုနေ၏။ ထို့ကြောင့် တင်မောင်မြင့်ကို လာရောက်ကာ ဆွဲနေ ဟန်ရှိ၏။ တင်မောင်မြင့်ကား သုံးရာ၊ သုံးရာ့ငါးဆယ်၊ လေးရာစား လခစားအလုပ်ကို သီးကင်းအပွင့်တိုးနေသော ၎င်း၏ဘူးပင်တစ်ပင် လောက် စိတ်ပါဝင်စားမှု မရှိပေ။ သို့ရာတွင် သူ၏ဘူးပင်မှ ဘူးသီး လှိုင်လှိုင်သီးစေကာမူ ဘူးသီးတစ်လုံးလျှင် ပြားငါးဆယ်ထက်ပို၍ ရောင်းမည်ဟု စိတ်ကူးမတည့်ချေ။

ထိုသို့သော တင်မောင်မြင့်သည် ဆရာကြီး၏ အကြံပေးကို လုံးဝ လက်မခံပေ။ ဘယ်လို သူငယ်လဲ၊ ကြောင်တောင်တောင်လား၊ အဝတ် ဖွပ်သည်မသား ပီသနေသလား၊ သူသည်ပင်မင်း၊ ဒိုဘီလုပ်ချင်နေသ လား။ ယခု ၎င်း၏အိမ်ဝိုင်းရှိ ခြံကလေးနှင့် ပျော်နေလေသည်။ တက်လမ်းမရှိသည့် ငတိကောင်လား။

ဘာပဲဖြစ်ဖြစ် တင်မောင်မြင့်လည်း တက်လမ်းကို မမျှော်လင့်သော ငတိကောင် ဖြစ်ဟန်ရှိ၍ ဆရာကြီး၏အကြံပေးကို လက်မခံခြင်းကြောင့် ဆရာကြီးသည် လက်လျှော့ကာ ပြန်သွားလေ၏။

ခေတ်သဘောအရ ခေတ်ပညာတတ်များပင် အလုပ်အကိုင် ရှား ပါးနေသည်ဟုဆိုသော်လည်း ဘီအက်စ်စီ တင်မောင်မြင့်မှာကား အလုပ် ပေါလျက် ရှိ၏။ ၎င်း၏အလုပ်ကား ၎င်း၏ခြံပုံ့ကလေးအတွင်းသို့

mgyoe.com

mgyoe.com


မြေဆွေးချခြင်းအလုပ်၊ ရုံးပတီသီး၊ ခဝဲသီးများကို မရင့်မီ ဆွတ်ရန် အလုပ်၊ ထင်းပေါက်ဖို့အလုပ်၊ နံနက်ကယူသွားသော စံပယ်ပန်းများ၊ ဟင်းသီးဟင်းသီးရွက်များ၊ နတ်ပန်းများကို စာရင်းမှတ်ဖို့ အလုပ်တို့နှင့် အလုပ် များသည် ပေါများများကာ ရှိလေ၏။

တင်မောင်မြင့်သည် ထိုနေ့နံနက်၌ ၎င်း၏ခေါင်းပေါ်တွင် တင် နေသော ညစ်စုတ်စုတ် ခြောက်သွေ့သွေ့ ဗိုလ်ဆံဖုတ် အတိုကလေးကို ဆံပင်ညှပ်ဆိုင်သို့ သွားရောက်၍ ခေါင်းတုံးညှပ်ကိုက်ကာ ပြန်လာပြီး နောက် အိမ်တွင် ထင်းပေါက်ကာ နေလေ၏။

ထိုအတွင်း ကားကလေး ပြောင်ပြောင်လက်လက်တစ်စီးသည် တင်မောင်မြင့်၏အိမ်စုတ်ကလေး၏ ရှေ့တွင်ရပ်၍ ကားပေါ်မှ ခရိုင်ဝန် မင်းသည် ဆင်းလာ၏။

"ကြွပါ ခင်ဗျာ"

"နေပါမောင်၊ မတ်တတ်ပါ၊ ကျုပ်နှင့် ညနေလေးနာရီခွဲမှာ ..... အရပ်သို့ လိုက်ခဲ့ပါ၊ ကျုပ်လာခေါ်မယ်"

"ဟုတ်ကဲ့ခင်ဗျာ"

ခရိုင်ဝန်မင်းလည်း သဘောကျ၍ ပြန်သွားလေ၏။ တင်မောင်မြင့် လည်း ပုဆိန်ကိုကိုင်၍ ခရိုင်ဝန်မင်းပြောစကားကို ဟုတ်ကဲ့ဟူ၍သာ လိုက်လိုက်သည်။ ခရိုင်ဝန်မင်းနှင့် ရပ်ရေးရပ်တာအတွက် ငါးခါလောက် တွေ့ဖူးသော်လည်း တစ်စုံတစ်ရာအချိန်းအချက်မရှိ၊ ဘာကြောင့် ထိုအရပ် သို့လိုက်ခဲ့ပါဟု ခေါ်သည်ကိုလည်း မသိ။ သို့နှင့်ပင် တင်မောင်မြင့်သည် မိမိလုပ်ဆောင်စရာကိစ္စ အဝဝကို လုပ်ဆောင်နေလေသည်။

ဒေါ်သိုင်းခြုံကား ဈေးမှ မြင်းရထားနှင့် ပြန်လာ၍ ဝယ်လာခဲ့သည် တို့ကိုချကာ နေသားတကျထားပြီး ပြုံးပြုံးပြုံးပြုံးနှင့် ဤသို့ ပြောလေ၏။

"ခင်မြင့်ကြီးကကွယ် ဝက်သား နောက်စသား ငါးဆယ်သားကို

mgyoe.com

mgyoe.com


ဖွတ်ထည့်ပေးလိုက်တယ်၊ တို့မှာ လူနှစ်ယောက်တည်းပါဆိုတာတောင် မရ။ ငါးသည် တင်တင်ကြီးကလည်း ဖွတ်ပါပဲ၊ ငါးထွေသား ငါးဆယ်သားကို အတင်းချိန်ထည့်တာပဲ၊ ဒေါ်ဒေါ်ခုနစ်ရက်မှ တစ်ကြိမ်ဈေးလာတာ နက်ဖြန် ဥပုသ်နေ့ ယူသွားဆိုတာနှင့်ကွယ် ကောင်မတွေ"

တင်မောင်မြင့်ကား မိခင် မီးဖိုချောင်အလုပ်ကို ကူညီသောသဘောနှင့် ဘာမျှမပြောဘဲ ဝက်သားကိုင်ရန်၊ ငါးကိုင်ရန် ပြင်ဆင်နေလေ၏။ ဒေါ်သိုင်းခြုံလည်း မီးသွေးမီးဖိုကလေးနှင့် မီးပျိုးနေရင်း ဤသို့ ပြောပြန်၏။

"နွဲ့နွဲ့သန်းနဲ့ တွေ့ခဲ့တယ် ဟော့၊ သူလည်း ဈေးလာတယ်။ အမေ့မှာစုံလို့… သူအမှတ်နှစ်ကျောင်းမှာ အထက်တန်းဆရာမ လုပ်နေသတဲ့၊ မင်းကိုလည်း မမြင်မတွေ့သိပ်ကို အိမ်တွင်းအောင်းပါကလားလို့ ဆိုလိုက်တယ်လို့ ပြောလိုက်ပါ ဒေါ်ဒေါ်တဲ့"

"အလကားကုန်းမ။ ကျောင်းတုန်းက ဘယ်သူက ဘာပြောပြန်ပြီ၊ ဘယ်သူက ဘာဆိုပြန်ပြီနှင့် ခဏခဏ ပြောတတ်တယ်"

"ဟယ်… ဒါဟာ မင်းကို စေတနာရှိလို့၊ အလကား သူ့စေတနာဟာ မေတ္တာဖြစ်နေတာပဲ၊ မင်းနှယ်ကွာ"

"ကျွန်တော် ကွယ်ရာမှာ ကျွန်တော့်အား ပြောတာကို ကျွန်တော်မှ မကြားတာဘဲ၊ ပြောတဲ့သူဟာ သူ့ကိုယ်သူ ပြောနေတာပေါ့။ တစ်ယောက်တည်းနေကာ ဆဲကြည့်စမ်းပါ၊ ဘယ်သူမှ မကြားလို့ ကိုယ့်ကိုယ်ကိုယ် ဆဲရာရောက်တာပဲ။ ခုတော့ သူခဏခဏ လာပြောလို့ ကျွန်တော် ကြားရတယ်။ နောက်တော့ ပြောရတယ်၊ ငါ့ကွယ်ရာမှာ ငါ့ကို ဘယ်သူက ဘာပြောပြော လာမပြောနှင့် ငါမှ မကြားဘဲ၊ မင်းလာပြောလို့ ငါကြားရတော့ ငါ့ကို မင်းဆိုတာ ပြောတာဖြစ်နေတာပေါ့လို့"

"မင်းနှယ့်ကွယ်၊ သူက မင်းကို စေတနာရှိလို့ဟာပဲ၊ သူ့ထံများ တစ်နေ့လောက် အလည်သွားပါကွယ်"

mgyoe.com

mgyoe.com


"မသွားချင်ပါဘူး၊ တွေ့ရင် မဲ့ကာရွဲ့ကာ လက်ကလည်း ပါသေး၊ ဘယ်သူက ဘယ်လိုပြောတာ၊ ဘယ်သူက ဘာလုပ်တာနှင့် မကောင်းတာပေါင်းအစုံသုပ်ကို ကြားရတာပဲ၊ သူဆရာမ လုပ်နေတာသာပြီး စုပေါင်းစပ်ပေါင်း အမှိုက်တောင်းကြီးဖြစ်နေမှာပဲ"

"မင်းနှယ်ကွယ်၊ ဒါထက် ဟိုကောင်မတွေက မှိုဈေးကို ပို့ချေလိုက်တယ်"

"ခက်တယ်၊ အမေ ယူခဲ့ရောလား"

"အေး... ငါလည်း ယူခဲ့တာပေါ့ဟယ်"

"တော်တော် ခက်တဲ့ ဈေးသည်တွေပဲ၊ ဘယ်တော့မှ အစားအသောက် ဈေးကျဆင်းမှာ မဟုတ်ဘူး"

"ဆန်ဈေး လှုပ်လာလို့ သူတို့လည်း ဈေးလှုပ်ရသတဲ့"

ထိုနေ့ကား နံနက်စာ ချက်ပြုတ်ပြီး အသင့်ဖြစ်နေသဖြင့် ဈေးမှ ပါလာသော ဝက်သား၊ ငါးများတို့ကို အမေဖြစ်သူအား ကူညီသောသဘောအရ တင်မောင်မြင့် ဝိဇ္ဇာသိပ္ပံသည် ကိုင်တွယ်ပြီးလျှင် နေ့ဖို့ ညစာ ခံအောင် ပြုတ်ကြော်လုပ်ထားလေ၏။

တင်မောင်မြင့်သည် ဝိဇ္ဇာသိပ္ပံဘွဲ့ကို ရခဲ့သည်။ ၎င်းမှာ အလုပ်ရှိသည်ဟု ပြောသည်။ သူ၏အလုပ်သည် ဘာလဲ။ သူ၏ အိမ်၌ ထင်းတုံးများကို ထင်းပေါက်နေခြင်းသည် ၎င်း၏အလုပ်လား ထိုနေ့ ညနေ လေးနာရီခွဲရန် ဆယ့်ငါးမိနစ် အလိုတွင် ခရိုင်ဝန်မင်းသည် တင်မောင်မြင့်ကို လာ၍ ကားနှင့် အရပ်တစ်ရပ်သို့ ခေါ်သွား၏။ ထိုအရပ်မှာ လူပါးဝသကဲ့သို့ အတော်ပင် ကတ်သီးကတ်သတ် ရှိကြ၏။ သို့ရာ တွင် ထိုအရပ်၌ နာမည်ကျော် အလွတ်အထက်တန်းကျောင်းတစ်ကျောင်းရှိ၏။ စာမေးပွဲ အောင်ချက်ကောင်းသည်ဟု အလွန့်အလွန် ထင်ရှား ကျော်စောသဖြင့် အဝေးရပ်ရွာများကပင် မိန်းကလေးများပါ

mgyoe.com

mgyoe.com


ကျောင်းအိပ်ကျောင်းစား လာနေကြ၏။ ဤသည်ကို ထောက်သော် ထိုကျောင်းမှ ဆရာကြီးသည် အထက်နိုင်ငံရေးပါတီဌာနချုပ်သို့ပင် ပေါက်ရောက်သဖြင့် အတော်ပင် ခေတ်အလျောက်ဆံ့သော ဆရာကြီးဖြစ်နေဟန်ရှိ၏။ ထိုကျောင်း၌ တင်တင်နှင့် စောစောသည် အထက်တန်းဆရာမ လုပ်နေကြ၏။

ထိုကျောင်းရှိသော ထိုရပ်ကွက်သို့ တင်မောင်မြင့်သည် ခရိုင်ဝန်နှင့် ပါသွားရာ ခေါင်းမှာခေါင်းတုံးဖြစ်၍ အဆောင်းမပါ၊ ဖျင်နီအင်္ကျီလက်တို၊ တိုင်းရင်းရက်လုံးကွင်း၊ ပိုက်ဖိနပ်မည်းမည်းတို့ကို ဝတ်ဆင်ကာ ပါသွားလေရကား ခေတ်မီမီ အတော်ပင် ဂိုက်ကျလေ၏။

ထိုရပ်ကွက် ထိုအစည်းအဝေးသဖွယ်၌ ထိုရပ်ကွက်ရှိ ရပ်မိရပ်သမား လူကြီးများ၊ အလွတ်ကျောင်းမှ ကျောင်းဆရာကြီး၊ ဆရာမ တင်တင်၊ စောစောတို့လည်း တက်ရောက်ကြ၏။

ထိုသဘာသို့ ခရိုင်ဝန်မင်းနှင့် မြူဥက္ကဋ္ဌကြီး မလာမရောက်မီ ညှော့ပရိသတ်တို့သည် အတော်ပင် စုံကြ၍ သူတစ်ခွန်း၊ ငါတစ်ပေါက် စသည်ဖြင့် စကားများကို ပြောနေကြလေရကား "ဖားဂမုန်း ငါမနိုင်၊ ပြဒါးလုံး ဆရာကိုင်" ဆိုဘိသကဲ့သို့ ရပ်ကွက်မှ ဆရာကြီးသည်လည်း မည်သို့မျှ ချောမောပြေပြစ်အောင် မဆက်ဆံနိုင်ခြင်းကြောင့် တိတ်ဆိတ်စွာပင် နေလေ၏။

ထိုခဏမှာပင် ခရိုင်ဝန်မင်း၏ကား ဆိုက်ရောက်လာ၍ ကားပေါ်မှ ခရိုင်ဝန်မင်း၊ မြူဥက္ကဋ္ဌ၊ တင်မောင်မြင့်တို့သည် ဆင်းလာ၍ သီးသန့်အထူးထားသောနေရာတွင် ဝင်ထိုင်ကြလေ၏။ တင်တင်နှင့် စောစောသည် ခရိုင်ဝန်မင်းနှင့် ပါလာသော ခေါင်းတုံးတိုတို အချိုးကျကျ ဝတ်လာသော တင်မောင်မြင့်ကို မြင်လတ်သော် ထိုရပ်ကွက် ဆွေးနွေးပွဲသို့ မိမိတို့လာရောက်မိသည်ကိုပင် ရှက်သလိုလို ဖြစ်နေလေ၏။ ခရိုင်ဝန်

mgyoe.com

mgyoe.com


မင်းသည် အဘယ်ကြောင့် လင်းတလို ဤလူစုတ်နှင့် တွဲကာ လာရပါ သနည်းဟု တွေးနေဟန်ရှိကြလေ၏။

*

ခရိုင်ဝန်သည် ဤသို့ ပြောပြလေ၏။

"ခင်ဗျားတို့ အရပ်က လူကြီးလူလတ်၊ လူငယ် စုံစုံညီညီတက် ရောက်ကြသည့်အပြင် ကျောင်းအုပ်ကြီးနှင့် အရေးပါအရာရောက်သော ဆရာများပါ တက်ရောက်ကြလို့ များစွာ ဝမ်းသာမိပါတယ်။ ဒါပေမဲ့ လာရတဲ့ ကျေးဇူးနပ်မယ်မထင်။ သဘောထားကို စဉ်းစားကြဗျ"

"ခု ခင်ဗျားတို့အရပ်မှာ ပွစိ ပွစိနဲ့ ဖြစ်နေတယ်။ မီးကင်းစောင့်ဖို့ တစ်အိမ်တစ်ယောက်အလှည့်နဲ့ တစ်ည ငါးယောက်စောင့်ရမယ်၊ မစောင့် နိုင်တဲ့အိမ်က တစ်ကျပ်ပေးရမယ်လို့ဖြစ်နေတဲ့အပြင် မနာခံတဲ့သူကို ရုံးက အရေးယူပေးဖို့ လူကြီးများက လျှောက်ထားကြတယ်။ ကျုပ် ရှက်တယ် ဗျာ၊ ပြီးတော့လည်း ညမှာမဆိုထားနဲ့ နေ့ကြောင်တောင်တောင် အိမ်ကို ထွင်းဖောက်ပြီးယူ၊ အနုကြမ်းစီးတာဟာ သိပ်ရှက်စရာကောင်းတယ်။ ကျုပ်ကတော့ သဘောတရားကို နားလည်အောင် မပြောတတ်ဘူး၊ ဟောဒီ ဦးတင်မောင်မြင့်က ပြောပြလိမ့်မယ်၊ ကိုင်း... ဦးတင်မောင်မြင့် ပြောစမ်းဗျာ"

ထိုအခါ တင်တင်နှင့် စောစောကား တင်မောင်မြင့်ကို အလွန် အထင်သေး၍ ထပြန်သွားမည်ဟု ကြံသော်လည်း အရေးပိုင်က ဖိတ် ထားသဖြင့် အားနာ၍ အောင့်အည်းကာ နေရလေ၏။ ဆရာကြီးကား မည်ကဲ့သို့ရှိမည်ကို စဉ်းစားရချေသည်။

တင်မောင်မြင့်သည် အရေးပိုင်က တောင်းဆိုချက်ကြောင့် ဟော ပြောရာ တစ်နာရီကျော်ကြာ၏။ အသံလွင့်စက်နှင့်ဖြစ်၍ တစ်ရပ်လုံး လောက်ပင်လည်း ကြားကြသဖြင့် ထိုစုဝေးရာကျောင်းသို့ လာရောက်

mgyoe.com

mgyoe.com


နားထောင်ကြသည်မှာ ကြိတ်ကြိတ်တိုး ဖြစ်နေကြလေ၏။

တင်မောင်မြင့် ဟောပြောသည့်အသံသည် အလွန်သာ၏။ ညက်၏။ ယဉ်ကျေး၏။ အချက်လည်း အလွန်ကျ၍ ပိုင်၏။ နားထောင်သူများသည် စရိုကတည်းကပင် တိတ်သွားသည်မှာ ခြင်ကောင်ကလေး တစ်ကောင်မြည်သည်ကိုပင် နေ့အချိန်၌ ကြားနိုင်ပေသည်။ အချို့မှာ အင်း– အင်း– အင်း မှန်ပါတယ်၊ ဒါဟာ ဟုတ်တယ်ဟု ဖြစ်နေကြလေ၏။ ဆရာကြီးကားစိုက်နေတော့။ အလွန်တော်သော သူပါလား၊ စကားပြော သိပ်ကောင်းပါလား၊ သူ့စကားကား သူသည် မည်ကဲ့သို့ ဝတ်စားလာစေကာမူ အင်မတိအင်မတန် အဖိုးထိုက်တန်ပါ၏တကားဟု ဖော်ပြနေသကဲ့သို့ ဖြစ်ချေသည်ဟူ၍ တွေးဆနေလေ၏။

တင်မောင်မြင့်ပြောသော စကား၏အဓိပ္ပာယ်အကျဉ်းချုပ် လိုရင်းသည် ဤသို့ဖြစ်၏။

ယနေ့ ပညာရှိ မျိုးချစ်ပုဂ္ဂိုလ်တစ်စုတို့၏ထံ၌ အစီရင်ခံရခြင်းမှာ "ရမည်" မဟုတ်၊ သင့်သလို စဉ်းစားတည်းဖြတ်ကာ ဝေဖန်၍ ဆောင်ရွက်သင့်သည်ထင်က ဆောင်ရွက်လိုသလို ဆောင်ရွက်ရန်ပါ။

"ကျွန်တော်တို့ လွတ်လပ်ရေးကို အရယူခဲ့ခြင်းသည် ကျွန်တော်တို့ အေးချမ်းသာယာစွာ နေထိုင်ရေးအတွက်ဖြစ်ပါလျက် လွတ်လပ်ရေးရတော့မှ မီးဘေး၊ လူဆိုးဘေးမှစပြီး အထိတ်ထိတ် အလန့်လန့်နှင့် နေရလျှင် ဘယ်လိုဆိုမလဲ၊ ဘယ်လိုစဉ်းစားရာဖြစ်လာမလဲ"

"လွတ်လပ်ရေးနှင့် ထိုက်တန်သော လူယဉ်ကျေး အသီးသီးသည် ကိုယ့်တာဝန်ကို ကိုယ်အားရာ၊ ထက်သန်ရာဘက်က စေတနာ့ဝန်ထမ်း လုပ်ခြင်းဖြင့် လူမျိုးရေးအတွက် အရာရောက်မှုပင် ဖြစ်ပါသည်။"

"ကျွန်တော် သာဓက ဆောင်ပါရစေ၊ ရိုင်းစိုင်းယုတ်ကန်းလှပါဘိဟု မအောက်မေ့ရန် လေးစားစွာနှင့် တောင်းပန်ပါသည်။"

mgyoe.com

mgyoe.com


"လူတွင်မက တိရစ္ဆာန်မှာလည်း နိုင်ငံရှိ၍ နေရာရပ်ကွက် ရှိပါသည်။ သို့သော် တိရစ္ဆာန်များသည် တစ်ဦး၏ကျေးဇူးကို တစ်ဦး၊ တစ်ဦး၏ ကောင်းရာကောင်းကြောင်းကို တစ်ဦး၊ တစ်ဦး၏အကျိုး၊ အများ၏အကျိုးကို တစ်ဦးက မဆောင်ရွက်ဘဲ ကိုယ်ရေးကိုယ်တာကိုသာ ငဲ့ကွက်ဆောင်ရွက်နေသဖြင့် တိရစ္ဆာန်များသည် ပျက်ပြားလွင့်ပါးသွားပြီးလျှင် နောက်ဆုံးမှာ နေရာရပ်ကွက်တွင်မက နိုင်ငံပါ ပျောက်ဆုံးသွားတတ်ပါသည်။ ထိုသာဓကကို ကျွန်တော်တို့သတိပြု၍ ကျွန်တော်တို့လူပါကပဲ (ဝါ) လူရင့်မကြီးပါကပဲ၊ လူတစ်ဦးတစ်ယောက်၏အကျိုး၊ အများ၏အကျိုးကို ဆောင်ရွက်ရမည်ဟု ကျွန်တော် အစီရင်မခံပါ၊ ဆောင်ရွက်ရန်သင့်မသင့်ဟု စဉ်းစားတော်မူကြပါဟုကား တောင်းပန်ပါသည်။

အကယ်၍ သင့်သည်ဟု ထင်ပါက လူရွယ်လူလတ် တစ်စုက စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့ကို ဖွဲ့စည်းသင့်ပါသည်။ ထိုသို့ဖွဲ့စည်းခြင်းမှာ ဖွဲ့စည်းရမည်ဟု မဆိုလိုပါ၊ ဖွဲ့စည်းသင့်က ဖွဲ့စည်းရန်ပင်ဖြစ်၍ ပါဝင်ရမည်ဟု မဆိုလိုပါ၊ ပါဝင်လိုပါက ပါဝင်ရန်ပင် ဖြစ်ပါသည်။

ထို မီးသတ်အဖွဲ့သည် မီးလောင်ပါက မီးငြိမ်းနိုင်ပါ့မလား၊ ဘာကိရိယာမှမရှိဘဲနှင့် ရယ်စရာဖြစ်မှာပေါ့။ သို့သော် မီးမလောင်ရန် တင်ကြိုကာကွယ်သော သဘောနှင့် မီးလောင်စေတတ်သည်ကို လှည့်လည်ကြည့်ရှုပြီးသော် အကြံပေးခြင်း၊ တောင်းပန်ခြင်း၊ သတိပေးခြင်း၊ မလျော်သည်ကို တားမြစ်ခြင်းတို့ကို ပြုလုပ်ရပါမည်။ နားမထောင်သူများအား မီးကို မရိုသေမှုနှင့် ဥပဒေဘောင်အတွင်း ဝင်အောင် ခရိုင်ဝန်မင်းထံ တိုင်ကြားရပေလိမ့်မည်။

တစ်ရံတစ်ခါ ထိုမီးသတ်အဖွဲ့သည် စေတနာ့ဝန်ထမ်းနေပြု၍ မီးလောင်စေတတ်သော၊ မတော်တဆ မီးလောင်စေနိုင်သော အမှိုက်များ

mgyoe.com

mgyoe.com


ကို ရှင်းရပေလိမ့်မည်။ ထိုမှတစ်ပါးလည်း ထိုမီးသတ်အဖွဲ့မှ ညစဉ် တစ်ည မှာ လူငါးယောက်ဖြစ်စေ၊ သုံးယောက်ဖြစ်စေ၊ ထို့ထက်များ၍ဖြစ်စေ ကင်းလှည့်၍ ကင်းသမားများအဖြစ်နှင့် အရပ်ကို ထိန်းသိမ်းစောင့်ရှောက် သွားဖို့ရှိပါသည်။ ထိုကင်းသည် မတ္တမတင်သူကို တွေ့ပါက ဖမ်းဆီး၍ ရဲဌာနကိုပို့ရန်ဖြစ်၍ ခုခံသော်လည်းကောင်း၊ တစ်စုံတစ်ရာအကြောင်း ပေါ်သော်လည်းကောင်း ကင်းတည်ရာနေရာက အချက်ပေး သံချောင်းကို မြွေခေါက်လိုက်လျှင် တစ်ရပ်လုံး ဝိုင်းအုံကာ ဖမ်းဆီးခြင်း၊ ညီညီဖျဖျ ဆောင်ရွက်ခြင်းတို့ကို လူ့လမ်းစဉ်အရ ဆောင်ရွက်သင့်ကြပါသည်။

ထိုသို့ ဆောင်ရွက်ရန်ကား ဆောင်ရွက်နိုင်သည့် လူလတ်လူငယ် စုတို့ဖြစ်ကြ၍ ကိုယ့်တာဝန်ကို ကိုယ်သိသော မျိုးသိမျိုးချစ် ပုဂ္ဂိုလ်မွန် များက ငွေများဖြင့် ထိုမီးသတ်အဖွဲ့က ဆောင်ရွက်ရန်ရှိက ဆောင်ရွက် နိုင်ရန် ကူညီကြမည်ဆိုသော် ထိုရပ်ကွက်ကြီးသည် အဘယ်ကြောင့် အေးချမ်းသာယာမှု မရှိဘဲ နေရမလဲ။

ထိုမီးသတ် ကင်းသမားများ၏အမည်နှင့် အဝတ်အစား သို့မဟုတ် အထိမ်းအမှတ်တစ်ခုကို အသိအမှတ်ပြုထားရန် ခရိုင်ဝန်ထံနှင့် ခရိုင်ရဲဝန် ထံသို့ပို့ထားသင့်ပါသည်။ ထိုအခါ ထိုကင်းသမားကလေးများ၏ ဆောင် ရွက်စောင့်ရှောက်ပုံကို မြို့အစိုးရက အထူးဦးစားပေးရပေလိမ့်မည်တည်း။

ခရိုင်ဝန်ကလည်း ၎င်းကို အာမခံလေ၏။

*

ထိုသို့ ဟောပြောပြီးသည်နှင့် တစ်ပြိုင်နက် စေတနာ့ဝန်ထမ်း မီးသတ်ကင်းဖွဲ့ရန် လူငယ်လူလတ် ငါးဆယ်သည် ချက်ချင်း ထွက်ပေါ် လာလေ၏။ ၎င်းတွင် အထက်တန်းကျောင်းက ကျောင်းသားကြီး နှစ်ဆယ် ပါလေ၏။

mgyoe.com

mgyoe.com


ထိုရပ်ကွက်မှ သစ်စက်ပိုင်ကြီး တစ်ယောက် ချက်ချင်းငွေငါးရာ ထည့်ရန် အာမခံ၍ ငွေနှစ်ရာ၊ တစ်ရာ၊ ငါးဆယ်၊ အစိတ် နှစ်ဆယ်၊ တစ်ဆယ် ထည့်ရန် စေတနာရှင် အသီးသီးတို့ ပေါ်လာ၍ မီးသတ်ကင်းအတွက် ချက်ချင်း ငွေနှစ်ထောင် စာရင်းအရ ရလေ၏။

နောက်တစ်နေ့တွင် မီးသတ်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးငွေထိန်း၊ စာရင်းစစ်၊ အမှုဆောင်များကို ဖွဲ့စည်းရန် မီးသတ်ကင်းမှူး၊ ညစဉ် စောင့်ရှောက်ရန် အဖွဲ့များစသည်ဖြင့် အတည်အကျ ဖွဲ့စည်းရန် ဆွေးနွေး သတ်မှတ်ကြလေသည်။

*

တင်တင်နှင့် စောစောကား ထိုအခါ တင်မောင်မြင့်ကို အလွန် စကားပြောကောင်းပါကလား၊ တကယ်ပညာရှိပါကလားဟု အသီးသီး ဝမ်းထဲက ချီးမွမ်းမဆုံး ရှိနေလေ၏။ ဆရာကြီးသည် စောစောနှင့် တင်တင်အား ထိုဟောပြောသောသူသည် ဘယ်ကလဲဟုမေးရာ "ကျွန်မ တို့ သွားရောက်ပြီး ကျောင်းဆရာလုပ်ဖို့ခေါ်တာ မရတဲ့ တင်မောင်မြင့် ဘီအက်စ်စီပါ" ဟု ပြောကြလေ၏။ ဆရာကြီးလည်း တင်မောင်မြင့်ကို အလွန်အလိုရှိ၍ ဆရာမတို့အား ခင်ဗျားတို့ ညှဲ့လို့ပါဟု ပြောဆိုလေ၏။

*

ထိုကဲ့သို့လျှင် ထိုရပ်ကွက်၌ ခရိုင်ဝန်မင်း ဆွေးနွေးချက်နှင့် တင်မောင်မြင့် ဟောပြောချက် အကျယ်များကို တိတိကျကျ ပြတ်ပြတ် သားသားနှင့် သတင်းထဲတွင် နောက်တစ်နေ့မှာ ပါလေ၏။

ထိုသို့ ပါလာသဖြင့် ထိုမြို့ရှိ အခြားရပ်ကွက်များကလည်း မီး သတ်ကင်းများကို စေတနာ့ဝန်ထမ်းအဖြစ်ဖြင့် တစ်ရပ်နှင့်တစ်ရပ် အား

mgyoe.com

mgyoe.com


ကျမခံ တုပြိုင်ကာ ဖွဲ့ကြသဖြင့် ထိုမြို့မှာ အတော်ပင် အေးချမ်းသာယာဖို့ လမ်းစပေါ်လာလေတော့ပြီ။

သတင်းစာထဲ၌ မည်သူက ငွေမည်မျှ စေတနာအလျောက်ပါဝင်ကြပါသည်ကိုလည်း ပါလာလေသည်။ ထိုသတင်းစာကို နွဲ့နွဲ့သန်း အထက်တန်း ဆရာမလေးသည် တွေ့ရလေသော်ဖတ်၍ အားမရနိုင်ဘဲ ထပ်ကာထပ်ကာ ဖတ်လေ၏။ ၎င်း၏မျက်နှာသည်လည်း ပြုံး၍ကြည်နေလေ၏။ တင်မောင်မြင့်တော့ စာသင်ရကျိုး နပ်သွားပြီ၊ ချက်ချင်း ထောက်ပံ့ကူညီသူမရှိဘဲ အထက်တန်း ရောက်သွားပြီဟု တွေးဆကာ အောက်မေ့နေလေ၏။

(နွဲ့နွဲ့သန်း အောက်မေ့သော အထက်တန်းသည် မည်သို့ အထက်ပါနည်း။ မြေတူး မြေဆွနေခြင်းသည် အထက်တန်းလား။)

နွဲ့နွဲ့သန်းသည် ထိုနေ့ကျောင်းဆင်း၍ အိမ်သို့ပြန်ရောက်သွားသောအခါ ၎င်း၏အဘ ဦးဘသစ် သစ်စက်ပိုင်ကြီးသည် သတင်းစာကို အနားကချ၍ သူ၏အရပ်မှ လူကြီးများနှင့် ဤသို့ ဆွေးနွေးတိုင်ပင်နေသည်ကို တွေ့ရလေ၏။

"မောင်ထွန်းက ငွေငါးရာ ထည့်တယ်၊ ပြီးတော့ သူတို့ပါတီကို အမွှမ်းတင်မယ်ဗျ"

"ဟုတ်ပါတယ်၊ ဒါတော့ အမှန်ပဲ"

"သည်တော့ ကျုပ်က တစ်ထောင်ထည့်မယ်၊ ခင်ဗျားတို့အရပ်ကလည်း ကြေးမပစ်ပါနှင့် စေတနာရှိသလို ပါဝင်ပါစေ။ နက်ဖြန် မောင်စိုးက အရပ်အစည်းအဝေးခေါ်ကွယ်၊ တို့လည်း မီးသတ်ကင်းဖွဲ့မယ်၊ ခုလုပ်နေပုံဟာ နေထားမကျဘူး။ တို့အရပ်မှာလည်း လူရွယ်လူလတ်တွေ အများကြီး ရှိပါတယ်။ ချက်ချင်း မီးသတ်အင်္ကျီ၊ ဘောင်းဘီ၊ ခါးပတ်၊ ဦးထုပ်၊ ဖိနပ်တို့ကို မှာကွယ်၊ ကုန်ချင်သလောက် ကုန်ပါစေ"

mgyoe.com

mgyoe.com


"သူတို့ အရပ်ထက်တော့ သာရမှာပေါ့ ခင်ဗျာ၊ ကျွန်တော်တို့က ရေပက်နိုင်တဲ့ လက်နှိပ်စက်ကိုတောင် ထုထောင်မယ် ခင်ဗျာ၊ ကင်းတဲလည်း ကျကျနန ဆောက်မယ်"

"အေး သဘောကျတယ်။ နက်ဖြန် ငါ့အိမ်မှာပဲ စည်းဝေးကွယ်၊ သူတို့က သူတို့ပါတီကို အမွှမ်းတင်ရင် တို့ကလည်း တို့ရပ်ကွက် လူစုကို အမွှမ်းတင်မှာပေါ့"

နွဲ့နွဲ့သန်းသည်ကား အလွန့်အလွန် ကျေနပ်သဘောကျနေလေ၏။

ဦးဘ၏လူစုလည်း စိတ်အားထက်သန်စွာနှင့် ပြန်သွားကြလေ၏။ ဦးဘနှင့် နွဲ့နွဲ့သန်းတို့တစ်စုလည်း ထိုနေ့ညစာစားပြီးကြသောအခါ နွဲ့နွဲ့သန်း၏အမေ ဒေါ်ခြုံက စ၍ပင် ဤသို့ စကားစလေ၏။

"ညည်း ပြောပြောတဲ့လူ တင်မောင်မြင့်ကို သိသလား"

"သိတယ်ရှင်"

"ဘယ်သူ့သားလဲ"

"သူ့အဖေကိုတော့ ကျွန်မ မသိပါဘူးရှင်၊ သူ့အမေက ဒေါ်သိုင်းခြုံတဲ့။ သူ့အမေက အဝတ်ဖွပ်သည်လုပ်ပြီး သူ့ကို ကျောင်းမှာထားတယ်၊ သူဟာ ယခုနှစ်မှာပဲ ဘီအက်စ်စီ အောင်တယ်"

"တင်မောင်မြင့်ဟာ ယခု ဘာလုပ်နေသလဲ"

"ဒါကိုတော့ ကျွန်မ မသိဘူး၊ လခစားကိုတော့ သူမလုပ်ဘူး ထင်တယ်"

"တော်တော့်ကို အပြောအဆို ယဉ်ကျေးပြီး တော်တယ်၊ အချက်လည်း ကျတယ်"

"ဟုတ်တယ်၊ ကျွန်မလည်း ဖတ်ကြည့်တယ်၊ သိပ်ကို အပြောကောင်းတာပဲ။ သူ့အမေ ဒေါ်သိုင်းခြုံဆိုတာ"

mgyoe.com

mgyoe.com

"ဟော... ငါသိပြီ၊ ဟိုအရင် တို့စက်ကို လာလာပြီး စာပို့နေတဲ့ မောင်ဖြူဝင်းရဲ့ မိန်းမ မသိုင်းခြုလေ၊ မောင်ဖြူဝင်းက စာတိုက်ဗိုလ်ခန့် တာတောင် မလုပ်ဘဲ စာပို့မှာတာ လုပ်နေတယ်၊ မောင်ဖြူဝင်း သေသွား တော့ သိုင်းခြုဟာ သားကလေးတစ်ယောက်နှင့် အဝတ်ဖွပ်စားနေတယ် လို့ ဝိုင်းကြီးဆရာ မောင်ကူးက ပြောတာပဲ"

"အင်း... တော်ပါပေတယ်"

*

မြန်မာပြည်အား ဒိုင်အာခီပေးရသည်က စ၍ နိုင်ငံရေးသည် မြန်မာပြည်၌ အထူးလှုပ်ရှားလာ၍ အင်္ဂလိပ်တို့၏ အာဏာစက်ရှိန် သည် ယုတ်လျော့ကျဆင်းလာမှန်းမသိ ကျဆင်းလာလေ၏။ ထို့နောက် ပါတီများသည် အလျှိုလျှိုပေါ်ပေါက်လာ၍ မြန်မာပြည်တွင် ပါတီနိုင်ငံ ရေးသည် ခေတ်စားမှန်းမသိ ခေတ်စားလာလေသည်။

ပါတီနိုင်ငံရေးသည် မြန်မာပြည်၌ နိုင်ငံရေးသမားများ၏ အမူ အကျင့်ကို မြင်ရခြင်းအားဖြင့် အပြုသဘောကိုထက် အဖျက်သဘောကို သာ တွေ့ရခြင်းကြောင့် တိုင်းပြည်သည် နိုင်ငံရေးသမားများကို စက်ဆုပ် လာကြဟန် ရှိလေသည်။

စင်စစ်ကား ရှင်ဘုရင်အုပ်ချုပ်နေသေးသော နိုင်ငံများမှာပင် ပါတီ ရှိကြ၍ တစ်ပါတီတည်းနှင့် ပါတီများစွာ ရှိခြင်းသည်သာလျှင် ကမ္ဘာ့ နိုင်ငံများမှ ကွဲပြားခြားနား နေပေသည်။

ပါတီများစွာရှိခြင်းသည် တိုင်းပြည်၌ အကျိုးဖြစ်ထွန်းသလော၊ တစ်ပါတီတည်းရှိခြင်းသည် အကျိုးဖြစ်ထွန်းသလော။ စင်စစ် ဆောင်ရွက် သောလူများ၏ သဘောထားအခြေအနေကိုလိုက်၍ နိုင်ငံတစ်ခုတွင် ဖြစ်ပျက်လှုပ်ရှားနေပေသည်။

mgyoe.com

mgyoe.com


ဤ၀တ္ထုနှင့်ကား နိုင်ငံရေးပါတီသမားများ မဏ္ဍပ်တိုင်တက်မည်စိုးသည့် သဘောနှင့်အချို့ရပ်ကွက်ရှိ အမြော်အမြင်နှင့် ပြည့်စုံသော လူကြီးများသည် ဦးဆောင်ကာ မိမိတို့၏ ရပ်ကွက်အကျိုးကို ဆောင်ကြလေသည်။

နွဲ့နွဲ့သန်း၏ အဖေသည် သတင်းစာကို တွေ့ရပြီးနောက် အခြားရပ်ကွက်ကြီးတစ်ခုထက် မနိမ့်အောင် မိမိ၏အရပ်ကို ဦးဆောင်ပြီးသော် စေတနာ့ဝန်ထမ်း မီးသတ်နှင့် ကင်းကို ဆောင်ရွက်လေသည်။

နွဲ့နွဲ့သန်းလည်း နောက်စနေနေ့တွင် တင်မောင်မြင့်၏အိမ်သို့ စက်ဘီးနှင့် သွားရောက်လေ၏။ နွဲ့နွဲ့သန်းသည် ထင်းခွဲနေသော တင်မောင်မြင့်ကို တွေ့ရ၍ ပြုံးပြီးသော် ဤသို့ နှုတ်ဆက်သဘောနှင့် ပြောဆိုလေ၏။

"ဝိဇ္ဇာသိပ္ပံကြီးရယ် ထင်းခွဲနေရသလား"

"တက္ကသိုလ်ထွက် မောင်များရဲ့ဂုဏ်ကို မြင့်တင်ချင်လို့ပါ"

"ဟုတ်ပါတယ်၊ လုလုနေခြင်းထက် ချွေးကို နှစ်သက်ပြီးသော အိမ့်အလုပ်ကို လုပ်နေခြင်းဟာ ဂုဏ်မြင့်ပါတယ်"

"ထိုင်"

*

"ဒေါ်ဒေါ်၊ ဒေါ်ဒေါ်တို့အိမ်ကလေးကို ဖျက်ပြီး အိမ်ကြီးတစ်အိမ် ဆောက်ရအောင်ရှင်"

"နေပါစေဦးကွယ်"

"ဒေါ်ဒေါ်ကလည်း"

ထိုအခါ တင်မောင်မြင့်သည် ထလာ၍ "နင်လာပြီး မရှုပ်စမ်းပါနှင့်" ဆို၍ နွဲ့နွဲ့သန်းလည်း ဤသို့ ပက်တော့၏။

mgyoe.com

mgyoe.com

"နင့်ကိုပြောတာ မဟုတ်ဘူး၊ ငါ ဒေါ်ဒေါ်သိုင်းနှင့် ပြောနေတာ။ ဒေါ်ဒေါ် အုတ်သမံတလင်းခံ၊ ထုထရံနှစ်ထပ်အောက်ထပ်ကကာ၊ ကျောက်ခံအောင်အပေါ်က ပျဉ်ထောင် တင်မောင်မြင့်ကို အိမ်ပုံရေးစေပြီး မြူနီစီပယ်မှာ လျှောက်ပါစေ"

"ဟော့– ငါလျှောက်လွှာရေးတဲ့ လူစား မဟုတ်ဘူး"

"မသိလို့ပါ အာဏာရှင်ကြီးရယ်"

"သည်လို နင်မပြောနှင့်၊ ငါ့ကို ခွေးဆိုတာ ခံနိုင်သေးတယ်"

"ဒါဖြင့် နင် မြူနီစီပယ်ရုံးသွား၊ အိမ်ပုံစံ အရေးခိုင်းလျှောက်လွှာ ရေးတင်ခဲ့"

"အေးအေး နေစမ်းပါဟယ်"

"နေပေါင်၊ နင် သည်အိမ်မျိုးနှင့်နေရတာဟာ မတော်ဘူး"

"နင်တို့ ငွေရှင်ဝါဒလား"

"နင်စာကို နှံ့နှံ့စပ်စပ် မတတ်ဘူး၊ ဗမာဝါဒ မဟုတ်တဲ့ ဗမာ့ဝါဒ သိရဲ့လား၊ စာကို နှံ့နှံ့စပ်စပ် ဖတ်ရတယ်"

ထိုသို့ပြောဆို၍ နွဲ့နွဲ့သန်းသည် "ဒေါ်ဒေါ် ကျွန်မ တင်မောင်မြင့်ရဲ့ လက်စွမ်းကို ကြည့်ဦးမယ်" ဆိုပြီးသော် ခြံကလေးထဲမှာ လှည့်ပတ်ကြည့်နေ၏။ ထို့နောက် နွဲ့နွဲ့သန်းသည် ပြန်တော့မည် ပြုသောအခါ ဒေါ်သိုင်းခြုံလည်း "လာလေ၊ လက်ဖက်ရည် သောက်ဦး" ဆိုကာ ပွေးသားချက်နှင့် လက်ဖက်ရည်ဖန်တိုက်လေ၏။

"ဒေါ်ဒေါ် ဒါဟာ ဘာသားလဲ"

"ပွေးသားချက်"

"တင်မောင်မြင့် လက်စွမ်းထင်တယ်။ ငရဲသား"

"နင် အရမ်းမပြောနှင့်"

"ဒါဖြင့် နင်သည်ပွေးသားကို ဘယ်ကရသလဲ"

mgyoe.com

mgyoe.com


"ဟော့ တစ်နေ့က မိုးရွာတယ်၊ သိပ်ကို ရွာတာပဲ၊ ပွေးတွင်းထဲ ရေတွေဝင်၊ ပွေးတွေ မနေနိုင်ထွက်လာ၊ ပွေးတွင်းထွက်ဆိုတာ နင် မသိဘူးလား"

"နင်တို့လို ငါသိပ္ပံသမား မဟုတ်ဘူး"

"အဲဒါကို ပြောမှပေါ့"

"ပြောစမ်းပါဦး"

"ပွေးဟာ တွင်းက ထွက်လာတော့ နေရောင်ထဲမှာ သူ့မျက်စိဟာ မမြင်ဘူး၊ တွင်းထဲမှာ အမြဲနေရလို့ တွင်းထဲမှာသာ ကောင်းကောင်းမြင်တယ်။ အဲသည်တော့ တွင်းက ထွက်လာရင် ဟိုတိုး သည်တိုးနှင့်နေတဲ့ အခါ ခွေးကကိုက်၊ ကြောင်ကခုတ်နှင့် သေကြရတယ်။ ငါက ပုံသကူ ကောက်ထားတာပါ"

*

နွဲ့နွဲ့သန်းသည် ပြန်လေ၏။

နွဲ့နွဲ့သန်းနှင့် တင်မောင်မြင့်ကား ဤသို့တည်း။

နွဲ့နွဲ့သန်းသည် တင်မောင်မြင့်ထက် တစ်နှစ်စော၍ တက္ကသိုလ်သို့ ရောက်၏။ ၎င်းသည် နေ့ကျောင်းသားအဖြစ်နှင့် အိမ်က ကားနှင့် တက်၏။ နွဲ့နွဲ့သန်းသည် သစ်စက်ပိုင်သမီး ဖြစ်ရာတွင် အငေါ်တူးတတ်၏။ ၎င်းအစ်ကိုနှင့်ပင် မတည့်သလိုဖြစ်၏။ ၎င်း၏အစ်ကိုသည် ဥပစာ သိပ္ပံမှာ သုံးနှစ်ရှုံးသောကြောင့် ကျောင်းထွက်နေရ၏။ သို့သော် တက္ကသိုလ်မောင် သူငယ်ချင်းများနှင့် လုပ်စရာရှိသည်တို့ကို မပြတ်နိုင်ဘဲ ကူညီလုပ်၏။

နွဲ့နွဲ့သန်းသည် သူ့အစ်ကို ဘာကြောင့် စာမေးပွဲ ရှုံးသည်ကိုသိ၏။ သိသောကြောင့် မည်သူနှင့်မျှမရောဘဲ ဘာသာနေသည့်ပြင် အငေါ်ပင်

mgyoe.com

တစ်ခါတစ်ခါ တူးလိုက်သေး၏။ နွဲ့နွဲ့သန်းမှာ ဆိုရှယ်ခေတ်၌ အဖော်မဲ့ မိတ်ဆွေကင်းသော တက္ကသိုလ်မယ်ကလေးတစ်ယောက်ကဲ့သို့ ဖြစ်နေ၏။

သူသည်လည်း စုတ်ပဲ့သော ကောင်မကလေးလား။ သူ့အဖေသည် ဟိုတစ်ခေါက်က ဝံသာနုခေါင်းဆောင်ဖြစ်၍ အိမ်ရှေ့မင်းသားလာစဉ်က သူတောင်းစားကို ဆန်ထည့်ရတာမှ အရသာရှိသေးတယ်၊ မြူနီစီပယ်က မဏ္ဍပ်ထိုးပြီး ဝေလမင်းသားကို ကြိုဆိုတာဟာ ခွေးရူးကို ရွှေမဏ္ဍပ်နှင့် ညှော်ခံတာလိုပဲဟု တရားဟောသဖြင့် ထောင်ခြောက်လ ကျခံရဖူး၏။ ထိုသူ၏သမီး နွဲ့နွဲ့သန်း။

နွဲ့နွဲ့သန်းသည် ဆံထုံးနောက်တွဲထုံး၍ ဝါးဘီးကို စိုက်ထား၏။ သူ့ခေါင်းတွင် တက္ကသိုလ်မောင်မယ်တို့သည် ပန်းပန်သည်ကို မမြင်ကြရ။ တက္ကသိုလ် မောင်မယ်တို့သည် ၎င်း၏ကိုယ်ပေါ်၌ တိုင်းရင်းရက်ထည်ကိုသာ မြင်ကြရသည်။

အဝတ်ဖွပ်သည်သား တင်မောင်မြင့်သည် ကျောင်းသို့ရောက်လာသောအခါ ခွကောင်ဖြစ်နေ၍ ခွကောင်မ နွဲ့နွဲ့သန်းနှင့် မိတ်ဆွေဖြစ်သွားကြ၏။ ထိုသို့ မိတ်ဆွေဖြစ်ရခြင်းမှာ နွဲ့နွဲ့သန်းသည် ဘောလုံးပွဲကို တစ်ခါ ကြည့်ပြီးနောက် အဝတ်ဖိနပ်နှင့် ဘောလုံးကန်နေရသော တင်မောင်မြင့်ကို မြင်ရသဖြင့် ဘောလုံးကန်ရန် ဖိနပ်နှစ်ရန်ဝယ်၍ ထောက်ပံ့သည်က စပြီးသော် တင်မောင်မြင့်နှင့် နွဲ့နွဲ့သန်းသည် မိတ်ဆွေဖြစ်သွားကြလေသည်။

ထို့နောက် နွဲ့နွဲ့သန်းသည် ဘီအေကိုကောင်းစွာ လိုက်နိုင်သော်လည်း တက္ကသိုလ်ခေတ်၏ ခေတ်အလျောက် လှုပ်ရှားပုံကို မကြိုက်၍ ဘီအေအီးဒီ ဆက်လက်သင်ရာ တင်မောင်မြင့်က များစွာတား၏။ ဘီအေအောင်ပြီးမှ ဘီအီးဒီကို ကိုယ့်စရိတ်နှင့်တက်ရန် အကြံပေး၏။ နွဲ့နွဲ့သန်းသည် တက္ကသိုလ်၏ဂိုဏ်းကွဲအမျိုးမျိုးကိုလန့်သဖြင့် တင်မောင်

mgyoe.com

mgyoe.com


မြင့်၏စကားကို နားမဝင်ဘဲ ဘီအေအီးဒီ ဆက်သင်လေတော့၏။ ထို့ကြောင့် တင်မောင်မြင့်နှင့် နွဲ့နွဲ့သန်းသည် ကွဲကွာသွားလေသည်။

နွဲ့နွဲ့သန်းသည်ကား အစစ်တကယ်လည်သော အမျိုးသမီးဖြစ်၍ လောကဥ္စ ရိုးရိုးဖြောင့်ဖြောင့် မတ်မတ်နှင့် သိတတ်သူကလေး ဖြစ်၏။

နွဲ့နွဲ့သန်းသည် မြူနီစီပယ်မှ လမ်းဘက်ဆိုင်ရာ ဝန်ထောက်ထံ သူငယ်ချင်းဖြစ်သည့်အတိုင်း သွားရောက်၍ ခေတ်မီမီ ရိုးရိုးအိမ်ပုံတစ်ခုကို အရေးခိုင်းပြီးနောက် တင်မောင်မြင့်နှင့်ပတ်သက်ပြီးသော် အကြောင်းကို ပြောပြလေ၏။

လမ်းဝန်ထောက် ဘသက်လည်း သည်အကောင့်အကြောင်းကို သတင်းစာထဲမှာသာ တွေ့လိုက်ရတယ် ဘယ်မှာနေတယ်လို့ မသိဟု ဆိုသဖြင့် ဤသို့စကားကူးလူးသွားလေသည်။

"မင်းမြူက လမ်းဝန်ထောက် လုပ်နေပြီ အ သကွယ်၊ တင်မောင်မြင့် နေတာကိုမှ မသိဘူးလို့"

"ဆိုတော့"

"..... ရပ် အရှေ့ဘက်အစွန်ဆုံး အိမ်နံပါတ် သုံးရာ့တစ်ဆယ့်ငါးကွဲ့၊ သူ့အမေနာမည်ကိုတော့ မင်းသိတယ် မဟုတ်ဘူးလား"

"သူ့အမေကိုတော့ ကျုပ် သိတယ်။ ဒါပေမဲ့ ကြောက်တာနှင့် ကျုပ်တို့အိမ်ကို လာပေမဲ့ ကျုပ်အတွေ့မခံဘူး"

"အေးကွယ် အိမ်ပုံစံရေးပြီးတော့ လျှောက်လွှာရေးကွယ်၊ ဒေါ်ဒေါ်သိုင်း ဈေးအလာမှာဖမ်းပြီး လက်မှတ် အထိုးခိုင်း"

"သူ့ အိမ်သွားပြီး"

"မင်း သည်အကောင်က အတော်ခွကျတဲ့အကောင်၊ မင်းကို ဘုနှိပ်ပြီး လွှတ်လိုက်ဦးမယ်။ မင်းတို့ မြူနီစီပယ် ငွေဆာတာနှင့် စံငှားခွန်လိုချင်လို့လားစလို့ မေးလိုက်ဦးမယ်"

mgyoe.com

mgyoe.com

"အေး"

"မင်းကသာ ကော်ပီတစ်ခု ငါ့ပေး။ ပြီးတော့ အုတ်ဘယ်လောက်၊ ထုံးဘယ်လောက်၊ ဘိလပ်မြေဘယ်လောက်၊ သဲဘယ်လောက်၊ တိုင်ဘယ်လောက် အစစကုန်ဖို့ရန် ငါ့ပြောကွယ်။ အိမ်ကို ဆောက်တော့ မင်းကြည့်ဆောက်တာပေါ့"

"အေးအေး မင်းပြောတာကို ငါနားလည်ပြီ"

ထိုသို့နှင့် နွဲ့နွဲ့သန်းသည် ပြန်သွားပြီး နောက်နှစ်ရက်တွင် ဘသက်သည် တင်မောင်မြင့်အိမ်သို့သွားရာ တင်မောင်မြင့်သည် ဆောင်းဥတု သီးနှံပင်များအတွက် ပျိုးကြဲရန် မြေများအား ပြင်နေသည်ကို တွေ့ရလေ၏။

ဘသက်နှင့် တင်မောင်မြင့်မှာ အထက်တန်းကျောင်းသားဘဝမှာ ငါးမျှားဖက်ဖြစ်သဖြင့် တော်တော်ပင်ချစ်ခင်ကြသူများ ဖြစ်၏။ တင်မောင်မြင့် အမေကိုကား ဘသက်သည် ယနေ့တိုင် ကြောက်တုန်းဖြစ်၏။ ဘသက်ကျောင်းမသွားတိုင်း လည်တိုင်း ဒေါ်သိုင်းခြုံက ကလေးဘဝတွင်ရိုက်ခဲ့၍ ကြီးသော် အလွန်ဆိုမြည်၏။ ဘသက်၏အဖေမှာ မြူနီစီပယ်က အမှိုက်ခေါင်းဖြစ်၏။ ယခုအလုပ်က အသက်ကြီး၍ ထွက်နေ၏။

ဘသက်သည် တင်မောင်မြင့်ကို နှုတ်ဆက်၍ တင်မောင်မြင့်လည်း သူတို့၏ အိမ်စုတ်ကလေးထဲသို့ ခေါ်ပြီးသော် သူငယ်ချင်းဘဝ ညည့်ခံကာ ဤသို့လျှင် စကားပြောနေကြလေ၏။

"မင်းကွယ်၊ အိမ်ထဲကပဲ မထွက် တကုပ်ကုပ်နှင့်"

"ဘာကိစ္စရှိလို့ ထွက်ရမှာလဲကွယ်"

"မင်းတို့ သည်နေရာမှာ နေတာကို ငါခုမှသိတယ်၊ အရင်အိမ်က ဘာဖြစ်သွားသလဲ"

mgyoe.com

mgyoe.com


"ကုလားတွေနဲ့ နီးတာကြောင့် အမေကရောင်းပြီး သည်အစွန်မှာပဲ ဂရန်ယူကာ နေတယ်ကွယ်"

"ဝိုင်းကြီး သိပ်ကျယ်တယ်၊ သိပ်ကောင်း"

"ငါ့အဖို့တော့ ကျဉ်းနေတယ်"

"ဟိုဘက်က မင်းတို့ခြံနှင့်စပ်နေတဲ့ မြေဟာ မြေလွတ်၊ မင်းဂရန်ခံကွယ်"

"ဟ... လူရယ်၊ လူတစ်ယောက် မြေနှစ်ကွက်"

"မင်းအတော် ညံ့တာပဲ။ ဒါက မင့်အမေ နာမည်ပေါက်နေတယ်၊ ဟိုဟာက မင်းနာမည်နဲ့ပေါ့"

"အေး... ကောင်းတယ်ဟေ"

ထိုသို့ စကားပြောနေသည်တွင် ဒေါ်သိုင်းခြံသည် ဈေးက ပြန်လာ၍...

"အောင်မယ် ဘသက်၊ နင်ဘာလုပ်လာသလဲ"

"မလာရဘူးလား အမေ"

"ဟော့... နင်တို့လာတာထား၊ နင်တို့ကို မြင်ရတော့ စံငှားခွန်တိုးတော့မှာလားလို့ လန့်နေတယ်"

"အမေ့ အိမ် မတိုးပါဘူး"

"ဘာမတိုးရမှာလဲ၊ တစ်ရက်မှာ နှစ်ကျပ်တိုးနေတယ်"

"ရာဖြတ်က"

"ဟိုအိမ်ကြီး အိမ်ကောင်းတွေထဲက လာဘ်ယူကာ လျှော့ပြီး တို့လိုဟာတွေမှာ တိုးတာကွယ်၊ ရွှေပေါင်းတော့ သောင်းကျော်တဲ့" ထိုသို့ ဒေါ်သိုင်းခြံနှင့် ဘသက်စကားပြောနေစဉ် တင်မောင်မြင့်သည် ဘသက်အား သဘော်သီးကျွေးရန် သဘော်ပင်များရှိရာသို့ ထသွားလေ၏။

ထိုအခါ ဘသက်သည် ဒေါ်သိုင်းခြံအား နွဲ့နွဲ့သန်း အကြံပေး

mgyoe.com

mgyoe.com

အရ အိမ်ဆောက်မည့်အကြောင်းတို့ကို ပြောပြရာ ဒေါ်သိုင်းခြုံလည်း အင်းလိုက်လေ၏။

တင်မောင်မြင့်နှင့် ဘသက်ကား ငယ်သူငယ်ချင်းဖြစ်သည်အတိုင်း ပျော်ပျော်ပါးပါးနှင့် စကားဆို၍ သဘော်သီးမှည့်ကိုစားကြပြီးသော် ဘသက်သည် တင်မောင်မြင့်တို့၏ သားအမိကို နှုတ်ဆက်ကာ ပြန်သွားလေ၏။

နောက်တစ်နေ့ နံနက် ဘသက်သည် ၎င်း၏လူစုနှင့် တင်မောင်မြင့်၏ အိမ်ဝိုင်းထဲ၌ တစ်ဖက်ရပ် အမိုးကလေးကို လာ၍ ထိုးလေ၏။ တင်မောင်မြင့်လည်း ဘာလုပ်ဖို့လဲဟု မေး၏။ ထုံးနှင့်သဲ ထားချင်လို့ ပြောသွား၏။ နောက်တစ်နေ့ နံနက်သော် ကားကြီးတစ်စင်းနှင့် အုတ်များကို လာချ၍ တင်မောင်မြင့်သည် "ဒါ ဘာလဲ၊ ဘသက်ဟာ တော်တော်ရှုပ်တဲ့အကောင်"ဟု တွေးဆနေ၏။ နောက်တစ်နေ့သော် နေ့လယ်တွင် မြို့နိုစီပယ်ရုံးမှ ဒေါ်သိုင်းခြုံ နာမည်နှင့် အိမ်ပုံစံအိမ်ဆောက်ရန် အမိန့်သည် ရောက်လာ၍ တင်မောင်မြင့်နှင့် တွေ့လေ၏။

တင်မောင်မြင့်ကား သဘောသွားကို တပ်ရာကျသိသကဲ့သို့ စက်ဘီးအိုကို စီး၍ နွဲ့နွဲ့သန်းတို့၏ အိမ်ကို သွားရောက်ရာ အခန့်သင့်ပင် နေ့လယ် နွဲ့နွဲ့သန်းသည် ၎င်း၏မိဘများနှင့် လက်ဖက်ရည်သောက်စားနေသည်ကို တွေ့၍ နွဲ့နွဲ့သန်းလည်း သူ့မိဘရှေ့မှာကြောင့် "ကိုတင်မောင်မြင့် ကြွပါ"ဟု နေရာထိုင်ခင်းပေးပြီးသော် နေ့လယ်စာလက်ဖက်ရည်၊ မုန့်စသည်တို့နှင့် ဝတ်ပြု၏။

တင်မောင်မြင့်လည်း ဤသို့ ဆိုတော့၏။

"မင်းကွယ် အတော်တာ"

ထိုအခါ နွဲ့နွဲ့သန်း၏အဖေသည် တင်မောင်မြင့်၏ စကား ကို ဖြတ်၍ ဤသို့ ပြောလေ၏။

mgyoe.com

mgyoe.com


"မောင် ကတည်းက ကတဝေဒီ သဘောဆိုတာကို သိတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"သည်စက်ရုံကြီး ဘယ်သူတည်ပေးတယ်လို့ သိရဲ့လား"

တင်မောင်မြင့်သည် ငေးနေ၏။ ဦးဘလည်း ခပ်လေးလေးကြည့်၍ တည်သော အသံနှင့် ဤသို့ ဆက်ကာ ပြောပြန်၏။

"မင်းအဖေ မောင်ဖြူဝင်းဆောက်ပေးတာကွ"

တင်မောင်မြင့်သည် ငေးစိုက်ကာ နေ၏။

"ဟောကွယ် တစ်မြို့က ငွေရောက်လာရော၊ စာတိုက်မှာ ခုနစ်ရက် ဆိုင်းထားနိုင်တယ်၊ မောင့်အဖေကတော့ ချက်ချင်း ငွေရအောင် လုပ်ပြီး ကျုပ်ရဲ့ထံချက်ချင်းလာပို့၊ အင်ရှုးဝါးရောက်လာရင်လည်း ချက်ချင်း လာပို့၊ သည်တော့ ငွေလည်ပြီး ဉာဏ်ရှိသလို ငွေလှယ်ကာ ကစားနိုင်တယ်ကွယ်"

"ဟုတ်ကဲ့"

"တခြားက အမှာစာတွေ ရောက်လာရင်လည်း အမြန်လာပို့တာပဲ ဘယ်တော့မှ နောက်မကျဘူး။ အဲသည်တော့ ဘတို့မှာ အလုပ်ကို သွက်သွက်ကြီး လုပ်နိုင်တာပေါ့။ ကျုပ်တို့နေတဲ့ အရပ်က စာတိုက်နှင့် ဝေးတယ်။ စာတိုက်မှာ စာထည့်စရာ၊ မှတ်ပုံတင် လုပ်စရာတို့ကို မောင့်အဖေကိုသာ ပေးလိုက်၊ စိတ်ချရပြီး မြန်မြန်ထက်ထက်နှင့် ပြီးစီးတာပဲ။ အဲသည်လိုအလုပ်ဟာ စက်လှည့်နိုင်တော့ ကြီးပွားတာ မြန်တာပေါ့၊ စင်စစ် အလုပ်မှာ ငွေလည်ဖို့ရန်ဟာ သိပ်အရေးကြီးတယ် သိပလား"

"ဟုတ်ကဲ့"

"ဒါကြောင့် မိနွဲ့နွဲ့ကိုပဲ မောင်တို့သားအမိနေဖို့ ဘဘက အိမ်ဆောက်ပေးစေတာ၊ မောင်အေးအေးသာနေ"

mgyoe.com

mgyoe.com


တင်မောင်မြင့်သည် ဦးဘတို့ကို နှုတ်ဆက်ကာ ပြန်လာခဲ့၍ ဤသို့စိတ်ကစားမိလေ၏။

"ပါတီရောဂါထနေတဲ့ တို့ပြည်မှာ သည်လူကြီးဟာ ဘယ်ပါတီကလဲ၊ တန်တန်ကြာ ငါတို့ဘက် မြူရွေးပွဲမှာ ကူပါဦးကွယ်ဆိုရင်အခက်။ "တိုင်းပြည်လူမျိုးသည် လွတ်လပ်ခြင်း ရသည်ဆိုသော်လည်း သူတစ်ပါး၏ကျေးဇူးခံ၊ ကျေးဇူးစားဖြစ်သော လူတစ်ယောက်သည် မည်သည့်နည်းနှင့်မျှ လွတ်လပ်ခြင်း မရနိုင်ရာ" "တိုင်းပြည်သည် တိုင်းပြည်တစ်ပြည်၏ ကျေးဇူးခံ ကျေးဇူးစားဖြစ်နေချေသော် ထိုသို့ တိုင်းပြည်သည် လွတ်လပ်ခြင်း ရနေသည်ဟု ဆိုခြင်းကား ခွေးဝမ်းသာအောင် လေလည်ခြင်းနှင့်သာ တူယောင်တကား"

တင်မောင်မြင့်သည် ထိုသို့သော သဘောကြောင့် နွံ့နွံ့သန်းသည် အလွန့်အလွန် လည်ပတ်လှပါတကားဟု ဦးဘ၏ ၎င်းအပေါ်၌ စေတနာကိုများစွာ မနှစ်သက်လှပေ။

တင်မောင်မြင့်သည် ထိုသို့ စိတ်ကစားကာ ပြန်လာရာတွင် လမ်း၌ သက်ကို တွေ့၏။ သက်လည်း တင်မောင်မြင့်ကို နှုတ်ဆက်ကာ စကားဆိုနေသဖြင့် တင်မောင်မြင့်သည် ရပ်ကာ စကားပြောနေရလေ၏။ ဤသို့လည်း ဖြစ်၏။

"လာကွယ် ဆိုင်ထဲကို"

"ဟာ နေပါစေကွာ"

"ဘာနေရမလဲကွယ်"

"ကျွန်တော် ဆိုင်ထဲမှာ စားလေ့စားထ မရှိပါဘူး"

"လာပါ၊ ငါပါတီနိုင်ငံရေးသမား မဟုတ်ပါဘူး"

ထိုသို့ ဇွတ်ခေါ်နေသဖြင့် တင်မောင်မြင့်သည် သက်က မရမနေခေါ်နေသောကြောင့် အစားအသောက်ဆိုင်ကြီးထဲသို့ ဝင်လိုက်သွားရ

mgyoe.com

mgyoe.com


ပြီးသော် ချောင်ကျကျ အကာအကွယ်နှင့် နေရာတစ်ခုတွင် ထိုင်ကြပြီး လျှင် ခေါက်ဆွဲနှစ်ပွဲနှင့် ဘဲပေါင်းတစ်ပွဲကို မှာကာ စားသောက်ကြရင်း ဤသို့ ပြောနေလေ၏။

"ငါကွယ် နှစ်ချင်းတောက်လျှောက် စာမေးပွဲအောင်သွားလို့ မင့်အတွက် ချီးကျူးပွဲလုပ်ဖို့ စိုင်းပြင်းရာ အများကပဲ တက္ကသိုလ်နိုင်ငံရေးဘွဲ့တွေ ကိုယ်သန်ရာရောက်လိမ့်မယ်ဆိုတာနှင့် နေရတယ်။ ဒါပေ"

"နေပါစေဗျာ"

"ငါလည်း ခုမှ နောင်တရတယ်။ တက္ကသိုလ်မှာ နေတာ ဘာတန်းမှ မအောင်၊ ငွေတွေကတော့ ကုန်လိုက်တာ သောက်သောက်လဲလို့၊ အဲဒါဟာ အဖွဲ့ထဲမှာ လှုင်လုပ်မိလို့ကွယ်၊ ဘယ်မှာ စာကြည့်နိုင်တော့မလဲ၊ စာမကြည့်နိုင်တာထား၊ ဆရာက ပြောသွားတာတွေကို ဘယ်မှာ မှတ်သားမိပါတော့မလဲ၊ ကျောင်းတက်ရက်လည်း မမှန်တော့ဘူးကွယ်၊ ကိုယ့်နာမည်ကို ခေါ်ရင် တစ်ယောက်က အစားထူးလာတယ်ပေါ့၊ မင်းနေပုံထိုင်ပုံကို အစကတည်းက သဘောကျတယ်ကွယ်"

"ကျွန်တော်ကတော့ ဆင်းရဲတာကို ခင်ဗျား၊ သည်ဟာကို တတ်မှ အောင်မှာ"

"ဒါလည်း ဒါပေါ့၊ ဒါပေါ့ မင်းလို လူတွေ အများကြီး ကျက်လိုက်တာ၊ ယိုးဒယားစာ၊ ဂျပန်စာ၊ တရုတ်စာ စကားတို့ကိုတောင် တတ်တယ်လေး ဘာလေးနဲ့ နိုင်ငံရေး လိုက်စားပြီး ဘယ်လိုမှ ခရီးမရောက်ဘဲ အူကြောင်ကြောင်နှင့် ဖြစ်နေတာတွေ အများကြီး၊ ဒါကြောင့် နွဲ့နွဲ့သန်းကိုလည်း အိုင်အေ အောင်ပြီးရင် ပြီးချင်းပဲ။ ဘီအေအီးဒီကို အတက်ခိုင်းရတယ်၊ မတော်ဖွဲ့တွေထဲ စိတ်ပါသွားပြီး ယောင်တောင်တောင်ဖြစ်မှာစိုးလို့"

"ခုတော့ နွဲ့နွဲ့သန်း စိတ်အေးရပါပြီ"

"ဘီအေ ဆက်ပြီး ဝင်စေရဦးမယ်"

mgyoe.com

mgyoe.com


"ကောင်းပါတယ်"

"ငါလည်း မဲဇာထဲ သစ်ချသွားနေတာ တစ်နေ့ကမှ ပြန်ရောက်တယ်၊ ဘာတန်းမှ မအောင်တာကိုဘဲ ကျေးဇူးတင်ရဦးတော့မယ်၊ အောင်မိရင် လခစားထဲရောက်ရင် ရောက်သွားမှာ။ ခုမှ လာဘ်မြင်တယ်ကွယ်နောက်မှ စကားပြောကြစို့"

ထိုဟိုတယ်ထဲမှ သက်နှင့် တင်မောင်မြင့်သည် လမ်းခွဲကာ ပြန်ကြလေ၏။

တင်မောင်မြင့်သည် မိမိအေးအေး လုပ်ကိုင်စားသောက်ကာ နေမည်ဟု စိတ်ကူးကာထား၏။ ယခု မည်သည့်လမ်းသို့ရောက်လာ၍ မည်ကဲ့သို့ဖြစ်ရမည်ဟု မခန့်မှန်းသာဘဲနှင့် အိမ်သို့ရောက်သောအခါ မှိုကျင်းများကို သွားရောက်ကြည့်ရာ မှိုများမှာ အလွန့်အလွန် ပေါက်နေ၏။ တင်မောင်မြင့်ကား သူစိတ်ကစားလာမိခြင်းတို့သည် ပျောက်ကွယ်သွားသကဲ့သို့ဖြစ်၍ ၎င်း၏လုပ်ငန်းနှင့် စိတ်ကစားလာ၍ ဆောင်းဥတုအသီးအနှံများအတွက် စောစောရရန် မျိုးစေ့များကို ကြဲရန် သွားသောအခါ ငှက်ပျောပင်ကျင်းငုတ်အဆွေးကြီးမှာ မှိုပွင့်ကြီးများ ပေါက်နေသည်ကို တွေ့ရ၍ အလွန်အံ့ဩပြီးလျှင် မှိုပွင့်သုံးပွင့်ကို နုတ်ယူလာခဲ့လေ၏။

ဒေါ်သိုင်းခြုံမှာလည်း မိမိတို့၏ခြံထွက်များကို ယူရောင်းသောဈေးသည်မများထံက ငွေငါးဆယ်ကို ယူ၍ ပြန်လာရင်း ငါ့သားကို ငါပညာသင်ပေးသဖြင့် ငါ့သားသည် ပညာတတ်ဖြစ်လာသည်တိုင်း ငါတို့ ဆင်းရဲတွင်းမှ လွတ်ပြီဟု တွေးဆကာ အတော်ပင် ဝမ်းသာခြင်းဖြစ်နေပုံရလေ၏။

အိမ်သို့ရောက်သောအခါ တင်မောင်မြင့်လည်း မိမိအား နွဲ့နွဲ့သန်း၏ အစ်ကိုက ဟိုတယ်သို့ ခေါ်ကျွေးလိုက်ခြင်းကို ပြောပြီးသော် ထမင်းဟင်းများကို နွှေးပြီးလျှင် ဒေါ်သိုင်းခြုံအား ခူးခပ်ကျွေးလေ၏။

mgyoe.com

mgyoe.com


ထို့နောက် နေ့လယ်ချိန်တွင် စာကြည့်နေလေ၏။

ကောက်ရိုးမှိုနှင့် ခြံထွက် ရုံးပတီ၊ ခဝဲ၊ ပဲလင်းမြွေ၊ ချဉ်ပေါင်၊ ကြက်ဟင်းခါးသီးတို့ကို ဖောက်သည်ယူရန် လာသော ဈေးသည်မကြီး ဒေါ်ရိုးသည် ရောက်လာ၍ စားပွဲပေါ်တွင် ထားသော ငှက်ပျောမှိုများကို မြင်လတ်သော် "အလို သည်မှိုက ငှက်ပျောမှိုပါကလား" ဟု အားရပါးရ ပြောလိုက်၍ တင်မောင်မြင့်သည် ပညာသစ် တိုးပြီးသော် ဤသို့ ဆိုလေ၏ ။

"ဒေါ်ဒေါ် ကောက်ရိုးမှိုနှင့် ငှက်ပျောမှိုသည် ဘယ်မှိုက သာသလဲ၊ မင်းနှယ်ကွယ်၊ ငှက်ပျောမှိုက မှိုအုံးနက်၊ မှိုဖြူတို့နှင့် ပြိုင်ဘက်ကွယ်၊ သူမသာ၊ ငါမသာ နေတာပဲ"

"ဒေါ်ဒေါ် ယူမှာလား"

"ရသလောက်ဟေ့"

"တင်မောင်မြင့်သည် စားကောင်းသည် မထင်သော ငှက်ပျောမှို ပွင့်များကို ကျင်းသုံးကျင်းမှသွားရောက်နုတ်ယူခဲ့ရာ သုံးပိဿာကျော် ကျော်ပင်ရ၍ ဒေါ်ရိုးအား ဒေါ်သိုင်းခြုံသည် ချိန်ကာ အပ်နေလေ၏။

တင်မောင်မြင့်လည်း ၎င်း၏မှတ်တမ်းတွင် ဤသို့ ရေးမှတ်ထား လေသည်။ မှိုမှာလည်း အမျိုးစေ့သာ မဟုတ်၊ အထီးမျိုးစေ့လည်း ရှိချေသည်။ ငှက်ပျောပင်ဆွေးများသည် အထီးမှိုမျိုးစေ့ မရသဖြင့် ဤနှစ် ထက် မိုးကောင်းသော အရင်နှစ်များက မှိုမပေါက်ချေ။

မျိုးမတူသော်လည်း သဘာဝတူသော် ပေါက်ပွားနိုင်ပေသတဲ့၊ ဆိတ်မများကို တောထဲ၌ လွှတ်ထားလျှင် ချေထီးနှင့်တွေ့က ဆိတ်မများ က သားသမီး ပေါက်ပွားရမည်။

တင်မောင်မြင့်မှာ အသိတစ်မျိုး တိုးလာလေတော့ပြီ။

*

mgyoe.com

mgyoe.com


နောက်တစ်နေ့သော် တင်မောင်မြင့် ဟောပြောခဲ့သော ရပ်ကွက်ရှိ အလွတ်အထက်တန်းကျောင်းမှ ဆရာကြီးသည် တင်မောင်မြင့်ထံ ရောက်လာရာ တင်မောင်မြင့်သည် ခြံထဲ၌ အလုပ်လုပ်ရာမှ ရွံ့ပေနေသော အကျီနှင့် တူးရွင်းကိုကိုင်ပြီးလျှင် ထိုဆရာကြီးနှင့်တွေ့ကာ ရှိသေစွာ ညွှတ်ဝတ်များကို ပြုလေ၏။ ဤသို့လည်း စကားရောနှော နေကြလေ၏။

"ကိစ္စအထူးရှိပါသလား ခင်ဗျာ"

"သည်လိုလေ ပြောစရာတော့ ရှိတာပေါ့၊ သို့ရာတွင် အကြောင်းအနေကို သိဦးမှတော်မယ်။ မောင့်ခြံက တစ်နေ့ဝင်ငွေ ဘယ်လောက်ရမလဲ"

"စားသောက်ရရုံပါပဲ ခင်ဗျာ"

"အော်... ဒါဖြင့် မောင် ကျုပ်တို့ကျောင်းမှာ အထက်တန်းများမှာ သိပ္ပံပြဆရာလုပ်ပါ၊ လခ လေးရာ့ငါးဆယ် ပေးပါမယ်"

"မလုပ်ပါရစေနှင့် ခင်ဗျာ"

"လခနည်းလို့လား၊ တစ်လ ငါးရာပေးပါ့မယ်"

"မဟုတ်ပါခင်ဗျာ၊ ကျွန်တော် ကျောင်းဆရာအလုပ်ကို ဝါသနာကောင်းကောင်း မပါသည်ထက် ကြောက်လို့ပါခင်ဗျာ"

"အိုး"

"လူတစ်ယောက်ဟာ ဝင်ငွေကောင်းလို့၊ ငွေကိုလိုလို့ မိမိဝါသနာမပါလေ အလုပ်ကို လုပ်ရခြင်းဟာ တိုင်းပြည်မှာ တဖြည်းဖြည်း အဖျက်သမားတစ်ယောက် ဖြစ်လာတတ်ပါတယ်"

"ဟင်း"

"ပြီးတော့လည်း အလွတ်ကျောင်းက ကျောင်းဆရာဆိုတာဟာ ပါတီ နိုင်ငံရေးအတွက် မဲဆွယ်တရားကိုလည်း ဟောတတ်ရပါတယ်၊ ဒါမျိုး ကို ကျွန်တော် ဝါသနာမပါ၍ မတတ်ပါခင်ဗျာ"

mgyoe.com

mgyoe.com


ဆရာကြီးသည် တင်မောင်မြင့်ကို မည်ကဲ့သို့ မိမိ၏ဘက်သို့ပါအောင် ဆွဲဆောင်ရမည်ဟု မသိဘဲ ဌေးစိုက်ကာ ကြံဆ၍ နေသည်တွင် တင်မောင်မြင့်သည် ဤသို့ ထောက်လိုက်လေတော့၏။

"ဆရာရယ် လောကမှာ ငွေကိုလိုလို့ ငွေငမ်း ငမ်းပြီး အလုပ်လုပ်သောသူဟူသမျှတို့အားဖြင့် တိုင်းပြည်၏တိုးတက်ကောင်းစားရေးအတွက် ရေသောက်မြစ်ကို မရနိုင်ပါ။ ထိုမျှမက တိုင်းပြည်သည် ၎င်းတို့အားဖြင့် ပျက်လာတတ်ပါသည်။ ကျွန်တော်ဟာ ကျောင်းဆရာအလုပ်ကို လုံးလုံးဝါသနာ မပါပါသောကြောင့် ကျောင်းဆရာအလုပ်ကို လုပ်လျှင် ငွေငမ်းဖြစ်နေပါ၍ ရှက်စရာအင်မတန် ကောင်းပါလိမ့်မည်ခင်ဗျာ"

"မောင်တင်မောင်မြင့် အထူးစဉ်းစားရန် လိုတယ်ထင်တယ်ကွယ်"

"အမိန့်ရှိပါ ခင်ဗျာ"

"ယခုလို မောင်တင်မောင်မြင့်နေတော့ ပညာတတ် အလုပ်လက်မဲ့ဖြစ်နေမှာပေါ့"

"ဟာ... အသေအချာ တည်းဖြတ်တော်မူပြီး အမိန့်ရှိပါ ခင်ဗျာ"

"ဟုတ်ပါတယ်၊ မောင်တင်မောင်မြင့် နေပုံ ထိုင်ပုံနှင့်ဆိုရင် မောင်တင်မောင်မြင့်ဟာ ပညာတတ် အလုပ်လက်မဲ့ဖြစ်နေမှာပေါ့။ မောင့် ပညာတွေကို နှမြောလို့ ပြောတာပါ၊ ကြပ်ကြပ်စဉ်းစားပါ"

"ဆရာကြီးခင်ဗျာ၊ ဘယ့်နှာ ပညာတတ်ဟာ အလုပ်လက်မဲ့ဖြစ်ရမှာလဲ၊ ပညာတတ်ရင် အလုပ်အမြဲ ရှိနိုင်ပါတယ်ခင်ဗျာ။ ကျွန်တော့်မှာ အလုပ်နှင့်လက်နှင့် မပြတ်သလိုဘဲ ရှိနေလို့ ကျွန်တော်က အလုပ်ကို မနိုင်၊ အလုပ်က ကျွန်တော့်ကို နိုင်နေပါတယ်ခင်ဗျာ။ နောက်ဆုံးခင်ဗျာ၊ တူးရွင်းတစ်ချောင်း၊ ဓားမတစ်ချောင်းဆောင်ပြီး အမှိုက်ရှင်း မြက်ထိုးပေးမယ်ဆိုရင် တစ်နေ့မှာ သုံးကျပ်တော့ရမှာခင်ဗျာ၊ သုံးကျပ်ဆိုရင် ထမင်းနှင့် ဆား၊ ငရုတ်သီး ကြက်သွန်နှင့် ထမင်းစားရမှာပဲ ခင်ဗျာ"

mgyoe.com

mgyoe.com


"ဒါဟာ ရှက်စရာပေါ့"

"ဒါကို ရှက်စရာအလုပ်ဟု ကျွန်တော် မထင်ပါ။ သူတစ်ပါး အပေါ်၌ နိုင်ငံတော် ဥပဒေကို မလေးစားဘဲ တရားမဲ့ပြုကျင့်ခြင်း၊ မိမိ အင်အားရှိသလို နိုင်ထက်စီးနင်းပြုခြင်း၊ မိမိကိုယ်ကိုမိမိ တကယ့်ဝိလူဟု ထင်ကာ မာန်ကြွနေခြင်း၊ ပကာသနမှုကို အလိုရှိခြင်းတို့ဟာသာ ရှက်စရာ ပါခင်ဗျာ၊ အဲသည်လို ရှက်စရာကို မသိတတ်၊ မသိတဲ့သူများဟာလည်း ဘာတန်းကြီးကိုပဲ အောင်အောင် ပညာမတတ်။ ခေတ်၌ အသုံးဝင်သော ပညာကို မတတ်ဟု ကျွန်တော် ယူဆပါတယ်"

တို့ ကျောင်းဆရာကြီးလည်း တင်မောင်မြင့်၏ အလုပ်အကိုင်ကို အထူးမစိစစ်ဘဲ လခစားအလုပ်သည်သာလျှင် ပညာတတ်များ၏ အလုပ် ဟု အောက်မေ့ကာ အတော်ပင် အယူပြုန်နေသော သူဟုတွေးဆ၍ နှုတ်ဆက်ပြီးလျှင် ပြန်သွားလေ၏။

ထိုနေ့ နေ့လယ်သော် သဲနှင့်ပျိုးထားသော နှင်းဆီပင်ငယ်များကို ပိန္နဲပင်၏အရိပ်တစ်ခု၌ ပန်းအိုးကလေးများတွင် စိတ်ရှည်လက်ရှည်နှင့် ထည့်နေစဉ်တွင် ဆရာမ စောစောသည် ရောက်လာ၏။ "ဆရာမ ခဏ ထိုင်ပါဦး" ဆိုပြီးသော် မိမိလုပ်နေသော အလုပ်ကို တင်မောင်မြင့်သည် လက်စသတ်နေ၏။

*

"ရှင် အိမ်ဆောက်မလို့လား"

"အမေက ဆောက်မှာပါ"

"ဘယ်လောက်ကုန် ဆောက်မှာလဲ"

"ဒါကိုတော့ ကျွန်တော် မေးလည်းမမေး၊ သိလည်း မသိဘူးခင်ဗျာ"

"ကိုယ့်အမေဆောက်မှာပဲ ကိုယ်မသိဘူးလားရှင်"

mgyoe.com

mgyoe.com


"ကိုယ့်သဘောနှင့်ကိုယ် နေကြတာပဲဗျာ၊ သည်လိုနေမှ အေးတာပဲ မဟုတ်လား"

"ရှင် မနေ့က နွဲ့နွဲ့သန်းတို့ရဲ့အိမ်ကို သွားတယ်ဆို"

"ဟုတ်တယ်"

"ဘာကိစ္စ"

"နွဲ့နွဲ့သန်းရဲ့အဖေဟာ ဘယ်ပါတီကလဲလို့ စုံစမ်းချင်လို့ဗျာ"

"ဘယ်ပါတီကဖြင့် ဘာဖြစ်သလဲ ရှင်"

"သူက သူတို့အရပ်က မီးသတ်ကင်းမှာ တော်တော်ပဲ ကမကထ လုပ်ကာ အကုန်အကျခံလို့ သူတို့အရပ်မှာ စာကြည့်ပိဋကတ်တိုက် ထောင်ရင် တော်မလားလို့ပါ"

"ဒါဖြင့် သူ့အကြောင်းကို ရှင်ဘာသိခဲ့သလဲ"

"ဘာမှမသိခဲ့ပါ"

"ကျွန်မ ပြောပြမယ်ရှင်"

"ဟုတ်တယ်"

"နွဲ့နွဲ့သန်းရဲ့အဖေ ဦးဘဟာ အင်မတန့်ကို ကြားကျတဲ့ လူကြီး ရှင့်၊ နွဲ့နွဲ့သန်းကို ကြည့်ပါလား"

"နွဲ့နွဲ့သန်းဟာ ကျွန်တော့်ထက်ပဲ ကြားကျသေးသလား"

"ရှင်ကြားကျတာကို ကျွန်မဖြင့် မတွေ့ခဲ့ပါရှင်"

"ဦးဘဟာ ဘယ်လိုကြားကျသလဲ ခင်ဗျာ"

"နားထောင်ရှင်"

"ဟုတ်ကဲ့"

"သည် လူကြီးဟာ ဟိုခေတ်တုန်းက ဝံသာနုခေါင်းဆောင်တဲ့၊ အဲသည်တုန်းက ဗမာပြည်ကို ဝေလမင်းသားအိမ်ရှေ့မင်းလာတုန်းက သူ့ဘောင်းစားနှင့် နှိုင်းတာကြောင့် ထောင်ကျဖူးသတဲ့ ရှင့်"

mgyoe.com

mgyoe.com


"ဪ..."

"ထောင်ကထွက်လာတော့ သူဟာ နှစ်ဆယ့်တစ်ဦးထဲကိုလည်း မပါ၊ ကွဲနေတဲ့ ဝံသာနုအသင်းထဲမှာလည်း ဘယ်အသင်းမှာမှ မပါဘဲ ကြားက ငွေရှိတဲ့ ဂုဏ်ကိုအားကိုးမာနရောက်ပြီး ဘယ်သူ့ကိုမှ အကောင်းမပြောဘဲ ဆဲနေသတဲ့ရှင့်"

"အင်း"

"နောက် အိန္ဒိယနဲ့ တွဲရေး ခွဲရေး ပေါ်လာတော့လည်း ဘယ်ဘက်မှမပါဘဲ အဲဒါကို လုပ်နေတဲ့လူများဟာ ဘာမှနိုင်ငံရေးကို မသိတဲ့ ငတိတွေ သို့မဟုတ် ရာထူးတော်တွေဆိုပြီး ဘယ်ဘက်မှ မပါဘဲ ဆဲနေသတဲ့ရှင်"

"အင်း သည်လိုပဲရှင်။ ငါးပွင့်ဆိုင်ပေါ်လာ၊ ဆင်းရဲသား ပါတီပေါ်လာ၊ ရာထူးတော်တွေ၊ ပင်လယ်စားပြများ၊ ကစားတိုင်း ပါနေတဲ့ အကောင်တွေလို့ ဆဲနေသတဲ့"

"အော် သည်လိုကိုး"

"ခုလည်း ရှင် သည်လိုပဲ အမေကျော် ထွေးတော်လွမ်းတွေ၊ အဖေကို မသိဘဲ ပထွေးကို အကောင်းထင်တဲ့လူတွေလို့ ဘယ်သူ့ကိုမျှ အကောင်း မပြောဘဲ ရာထူးငမ်းတွေဆိုကာ ဆဲနေတာပဲရှင့်"

"အင်း တကယ့်လူကြီးပါပဲကလား"

"သူ့သမီး နွဲ့နွဲ့သန်းကော ကြည့်ရှင်။ ရှင်နှင့်တော့ ကျွမ်းပါတယ်၊ သွားတာကိုက ဘဲသွား သွားလို့ ဘောက်ချည်းပဲ"

"နွဲ့နွဲ့သန်းရဲ့ အစ်ကို ကိုသက်ကကောဗျာ"

"ရှင် အသိသားပဲ၊ မေးစရာ မလိုပါဘူး"

"ဒါလောက် သိရတာကိုပဲ ဝမ်းသာပါတယ်ဗျာ"

စောစောသည်ကား တော်တော် လည်ပတ်သည်။ စကား အပြော

mgyoe.com

mgyoe.com


အဆို လိမ္မာသည်၊ အဆွဲကောင်းသည်ဟု ၎င်းတို့ကျောင်းက ဆရာကြီးသည် အယူရှိထား၏။

စင်စစ် စောစောသည်ကား နာမည်က ချစ်စရာ ကြင်နာစရာကောင်းသလောက် အသံသာ၍ အလွန်လှသည်ဟု ဆိုစရာ ဖြစ်၏။ ၎င်း၏ပါးမို့ကလေး နှစ်ဖက်သည် နေကျပ်ကျပ်ပူလာသောအခါ နီဥ၍နေ၏။ နှုတ်ခမ်းကလေးမှာ ဆေးမသဘဲနှင့် အလှအပလီ၊ နီကာရှိ၏။ လက်ချောင်းများမှာ ဖယောင်းတိုင်ကဲ့သို့ တဖြူးတည်းဖြစ်ပြီးသော် နီဥကာ ရှိနေ၏။ အဆစ်အမြစ်မှာ အပြစ်ကင်းမဲ့ကာ ပြေပြစ်လျက် ကိုယ်လုံးကိုယ်ပေါက် အတော့ကို လှ၏။

ပြကတေ့နေသောအခါ ပြုံးသကဲ့သို့ ရှိနေ၍ စကားပြောသောအခါ အလွန်အမင်း ချစ်စရာကောင်း၏။

ထိုသို့သော စောစောသည် တင်မောင်မြင့်အား ဤသို့ ဆွဲဆောင်ပြန်၏။

"ရှင့်ကိုတော့ ကျွန်မရော တင်တင်ပါ သိပ်ကို စိတ်မချင့်မရဲရှိတာပဲ"

"ကျောင်းတုန်းကဟာ သင်ပုန်းချေပါတော့ဗျာ"

"မဟုတ်ဘူးရှင့်၊ ခု... ခု... ခု"

"ဘာတုံးဗျာ"

"ကျွန်မတို့ ကျောင်းမှာ ရှင် အလုပ်မလုပ်တာရှင့်"

"ကျွန်တော် မလုပ်ချင်ဘူးဗျာ၊ ကျောင်းသုံး စာအုပ်တွေကိုကြည့်ရတာဟာ ငရဲခန်းကို ကြည့်ရသလိုပဲဗျာ၊ ကျောင်းဆင်း ကျောင်းတက် အချိန်ပြောင်း ခေါင်းလောင်းသံကို ကြားရတာဟာ ခွေးနာ ညည်းသံလိုပဲ၊ ကျွန်တော် သိပ်ကို စက်ဆုပ်တယ်ဗျာ"

"ဒါဖြင့် ရှင်၊ ဘီစီအက်စ် စာမေးပွဲကိုဝင်ရှင်"

mgyoe.com

mgyoe.com


"နေပါဦး မစောစော၊ ဘာကြောင့် ဒါ့လောက်တောင် ခင်ဗျား ကျွန်တော့်ကို လခစားလုပ်ဖို့ တိုက်တွန်းရသလဲ"

"ရှင် စဉ်းစားလေ၊ ရှင်လည်း တက္ကသိုလ်ထွက်၊ ဒီဂရီမောင်ပဲ"

"ကျွန်တော် ဘာမှမစဉ်းစားလို့မရ၊ ကျွန်တော် မလုပ်ချင်တာဘဲ ခင်ဗျား တိုက်တွန်းတာကိုပဲ အံ့သဗျာ"

"ကျွန်မက ဘာကြောင့် တိုက်တွန်းတယ်လို့ ပြောချင်တယ်ရှင့်၊ ပါးစပ်က အမျိုးသမီးမို့လို့ မထွက်ရဲတာနဲ့ရှင့်"

"နေဦးဗျာ၊ စောင့်ဆိုင်းပါဦး၊ ကျွန်တော် နွားဝယ်သွားဦးမယ်"

"ဘာလုပ်ဖို့လဲ"

"ထွန်ဖို့ယက်ဖို့ပေါ့ဗျ"

"ရှင့်နှယ်ရှင်၊ အလကားအလုပ်ဟာကို"

"ခင်ဗျား ဒါကို မပြောနှင့်၊ ကျေးဇူးရှင်ကို ကျေးစွပ်ရာကျတယ်ဗျာ"

"ဘာကျေးစွပ်သလဲရှင်"

"ခင်ဗျားကိုတော့ ကျွန်တော် ဘာမှမပြော၊ ကျွန်တော်ဟာ တောင်သူများက ပေးတဲ့ အစာနှင့်ပေးတဲ့အဝတ်ကို စားဝတ်နေရတာ ကြောင့် သူတို့ရဲ့ ကျေးဇူးကို မမေ့ဘဲ အထပ်ထပ် တင်နေတာပဲ"

"ဒါတော့ရှင် ငွေပေးရင်"

"ထင်စရာပေါ့၊ ဒုတိယ ကမ္ဘာစစ်အတွင်းက စက်ဘာပူတို့ ဟောင် ကောင်တို့မှာ ငွေရှိတာနှင့် စားဖို့ဝတ်ဖို့ မရဘူးဗျ"

"ဒါပေမဲ့ရှင် ရှင့်လို ပညာတတ်က တောင်သူလုပ်ဖို့ ကြံရွယ်တာ တော့"

"ဟာ စောစော၊ ရုပ်ကလေး ချစ်စရာကောင်းသလောက် သဘော ကိုလည်း ချစ်စရာ ကောင်းပါရစေ။ ဘီအေတစ်ယောက်၊ ဘီအက်စ်စီတစ် ယောက်ဟာ ဖျင်အကျီလက်တို၊ ဖျင်ဘောင်းဘီတိုကို ဝတ်ပြီး နှင်တံ

mgyoe.com

mgyoe.com


ကိုင် ထွန်စီးကာ နွားပြာကြီးကလေ ငနီကြီးကို ကဲလိုက်စမ်းပါ၊ ဘကြီး သား လူမျိုးအကျိုးကို ဆောင်လိုက်စမ်းပါလို့ လယ်ထွန်ယာထွန် ကိုင်း ထွန်နေလျှင် ကျွန်တော်တို့ ဗမာပြည်ကြီးဟာ ကမ္ဘာ့ထိပ်သီး နိုင်ငံကြီး ဖြစ်မှာပဲဗျ။ ခင်ဗျားတို့လို ခေတ်ပညာတတ် အမျိုးသမီးတွေ တက္ကသိုလ် ထွက်တို့ကလည်း လုံကွင်းကလေး တိုတိုဝတ်၊ ဒူးမပေါ် တပေါ်လေး၊ ရက်ထည်လက်စက အင်္ကျီနှင့် ကောက်စိုက်၊ ယာထဲမှာပဲဆွတ်၊ ကိုင်း ထဲမှာ ပဲကြီး၊ ပဲကျား ရိတ်ပြီးသားကို တလင်းထဲသယ် စသည်ဖြင့် လုပ်ကာ "တို့တောင်သူနောက်ကျော နေပူပေ့ မျိုးမြန်မာ မူစလေ့နှင့် သုံး၍ ကယ်တင်၊ တစ်ဆိတ်စာ ပူမပန်ရအောင်၊ ကူဘန်တန် မှန်မှန်ပေး ဖို့ကွယ်၊ တွေးလို့ရှုယ်ထား" အဲသည်လို သီချင်းကလေး တညည်း ညည်းနှင့် ပျော်ပါးနိုင်ကြပါရင် ကမ္ဘာတွင် ကျွန်တော်တို့ မြန်မာဟာ ကမ္ဘာ့မိုခိုရာကြီးဖြစ်ပြီး၊ ထိပ်တန်းကနေမှာပဲ မဟုတ်လားဗျာ"

"ကိုစကားတတ် ရှင့်ကိုတော့ ကျွန်မ လျှော့ချင်ပြီ၊ အရင်က သည် လောက် စကားကြွယ်လိမ့်မယ် မထင်မိဘူး"

"မလျှော့ပါနှင့် ကျွန်တော်က လျှော့နေပါတယ်၊ မတော်နောက်ကို လန်လဲသွားပါ့မယ် ခင်ဗျာ"

"ကိုတင်မောင်မြင့်၊ ရှင် ကျွန်မတို့ရဲ့ ကျောင်းမှာသာ လုပ်ဖို့ စိတ် ကူးပါ"

"ကျွန်တော် ပါတီနိုင်ငံရေးတရား မဟောတတ်ဘူးဗျ"

"ရှင် ဘာပဲပြောပြောရှင်၊ ကျွန်မရဲ့စေတနာ ရှင့်အပေါ်မှာ ရှိတာ ထက် ရှင်က တစ်ဝက်ပြန်ပြီးရှိမယ်ဆိုရင် ရှင် ကျွန်မတို့ရဲ့ကျောင်းမှာ ကျောင်းဆရာ အလုပ်ကို လက်ခံရန်ပါပဲ"

"ကျွန်တော် ရှင်းလင်းပြပါရစေ"

"ပြောပါ ရှင်"

mgyoe.com

mgyoe.com

"အလှူတစ်လှူမှာ လူတစ်ယောက်က ထင်းပေါက်နေတာနှင့် အခြားလူများကလာပြီး ထင်းပေါက်ရမှာလား။ ဆန်ရွေးသူရွေး၊ ငရုတ်သီး ထောင်းသူထောင်း၊ အိုးဆေးသူ ဆေး၊ အသားငါး ကိုင်သူကိုင်၊ လူလာရင် ဧည့်ခံစကားပြောတဲ့လူက ပြော၊ ဧည့်ဝတ်ပြုတဲ့ လူကပြု၊ လောကဟာလည်း သည်သဘောပေါ့"

"ဆိုပါ"

"သည်အထဲမှာ လူ့လမ်းစဉ်ဆိုတာ သူတစ်ပါးရဲ့အကျိုးကို ဆောင်ရွက်ရမယ်။ ခုခေတ်ကြီးမှာ ဘီအေ၊ ဘီအက်စ်စီတို့တောင် အလုပ်ရှားနေတယ်ဆိုကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲသည်တော့ မရှားကြောင်း ထင်ပေါ်အောင် လုပ်ချင်တဲ့လူလုပ်ဖို့ ကိုယ်က သိတတ်ပြီး ဖယ်ပေးရမယ်။ ဥပမာဆိုသော် လူဝိုင်းစုတစ်စုမှာ သူက နေရာကောင်းမှာ ထိုင်ချင်လျှင် ထိုင်ပါစေ၊ ကိုယ်က သိတတ်ပြီး နေရာချပေး။ ကိုယ်ထိုင်နေတဲ့နေရာမှာ ထိုင်ချင်လျှင်လည်း ထိုင်ပါစေ၊ ကိုယ်ကဖယ်ပေး။ ကိုယ်နေမယ့်နေရာမှာ နေချင်လျှင်လည်း နေပါစေ၊ ကိုယ်က သိတတ်ကာ ဖယ်ပေး။ အဲသည်လူဟာ ကိုယ်ရဲ့ ထောင်လွှားတက်ကြွမှုကိုပင် သော့ချရာရောက်လို့ လူ့လမ်းစဉ်မှာ အတော် ခရီးရောက်လာပြီး သူဟာ လောကမှာ လူ့ဘဝကို ကျောပေးရာ ရောက်ပါတယ်"

စောစော ပါတီနိုင်ငံရေးသမ ကျောင်းဆရာမသည် စိုက်နေတော့၏။ တင်မောင်မြင့်ကား အေးအေးနှင့် လေချိုလေပြေကို ဤသို့လျှင် ထပ်ကာမွေးပြန်တော့၏။

"ကျွန်တော်က ကျောင်းဆရာ အလုပ်၊ အခြား ရာထူးရာခံ အလုပ်ကို လုပ်ချင်သူ လုပ်ကြပါစေလို့ သဘောထားပါတယ်။ ကျွန်တော့်လို

mgyoe.com

ထင်းခွဲဖို့၊ ချဉ်ပေါင် ရုံးပတီစိုက်ဖို့၊ မြေတူးဖို့၊ ဘူးပင်စိုက်ဖို့ မဆိုပါ မတိုက်တွန်းပါ။ ကျွန်တော် လုပ်နိုင်သမျှ သူလုပ်နိုင်မှ လုပ်ပါ၊ ကျွန်တော် လုပ်ချင်သလို သူလုပ်ချင်မှ လုပ်မယ်၊ သို့သော် ဘယ်သူဘာလုပ်လုပ် ကိုယ်လက်လှုပ်မိသလောက် လူထုအကျိုးပြုဖြစ်စေရမယ်။ အဲသည် တော့ လူထုအကျိုးပြု၊ ကျွန်တော်တို့လို ခေတ်ပညာတတ်ဆိုသူများက သတိမထားသေးသော လုပ်ငန်းများကို ကျွန်တော် လုပ်နေတာကို ဖျက်ခဲ့ ပြီး ခင်ဗျားအလိုအတိုင်း လိုက်သင့် မလုပ်သင့်ကို စဉ်းစားပါဗျာ"

စောစောသည်ကား တင်မောင်မြင့် ပြောစကားသည် သူ့မှာ များစွာ အနှစ်ရှိလာသကဲ့သို့ ငုံးလာခဲ့သော အတိတ်ကာလမ်းစဉ်သည် တရိပ်ရိပ် ပေါ်လာ၏။ ထိုပေါ်လာသည်နှင့်အညီ တင်မောင်မြင့်ကို တစ်ဆိတ်မော့ ကြည့်ပြီးနောက် သူ၏ဖယောင်းတိုင်ကလေးများကဲ့သို့ ဖြောင့်စင်းပြည့် တင်းညီညွတ်သည့် လက်ချောင်းကလေးများ လှုပ်ရှားနေသည်ကိုသာ ညှုမှု၊ တီမှု၊ တာမှု၊ ခရာမှုသဘောဖြင့် ကြည့်နေလေ၏။

"ဒါကြောင့် ချစ်တာ" ဆိုချင်လာပြီဟု စောစောသည် ပြုံးချိုလိုက် ချင်လေ၏။ တင်မောင်မြင့်ကား နိုင်ငံရေးသမကို နိုင်ငံရေးသဘောအရ ဟု ဆိုရလောက်အောင် စကားပြကာ ဤသို့ ဆောင်လိုက်ပြန်၏။

"စောစောက သည်လောက် စာမေးပွဲတွေ အောင်ပြီးမှပဲ မြေတူး ရမလား၊ ကိုင်းလုပ်ရမလား၊ ခြံလုပ်ရမလား၊ လယ်လုပ်ရမလား စသည် ဖြင့် ဆိုစရာပေါ့။ ခေတ်စာပေပညာကို တတ်ကျွမ်းသောသူတိုင်းသည် လခစား လုပ်သွားချေသော် တိုင်းပြည်၏ ကောင်းချီးမင်္ဂလာကို တိတ် ဆိတ်စေသတဲ့"

"လောကမှာ ကျောင်းနေဖူးသူနှင့် မနေဖူးသူ ခြားနားသည်။ ခေတ်အလျောက် ကျောင်းမှာ နေဖူးသူနှင့် မနေဖူးသူ ခြားနားသည်။ စာပေတတ်သူနှင့် မတတ်သူ ခြားနားသည်။ ခေတ်အလျောက် ခေတ်

mgyoe.com

mgyoe.com

စာပေတတ်သူနှင့် မတတ်သူ ခြားနားသည်။ ကျောင်းမှာ နှစ်ကြာကြာ နေဖူးသူနှင့် မနေဖူးသူခြားနားသည်။ နိုင်ငံခြားသားများ တည်ထောင်သော ကျောင်းမှာနေသူနှင့် တိုင်းရင်းသားများတည်ထောင်သော ကျောင်းမှာ နေသူတို့ ခြားနားသည်။ အစိုးရက တည်ထောင်သော ကျောင်းမှာ နေသူများနှင့် အလွတ်ကျောင်းမှာ နေသူများ ခြားနားသည်။ မစောစော သဘောကို စဉ်းစားပါ၊ ခင်ဗျား နိုင်ငံရေးသမပဲ။ ထို့ထက် စာဖတ်သူနှင့် မဖတ်သူ ခြားနားသည်။ ဖတ်သော စာကို လိုက်၍ ဖတ်သူချင်းလည်း ခြားနားသည်။ စာကိုဖတ်၍ လေ့လာကာ အဖော်ပြုနေသူသာ စာတတ်ဖြစ်နေသည်။ စာတတ်ခြင်းလည်း စာအုပ်ကို လိုက်ပြီး ခြားနားသည်။"

"ကျောင်းမှာတုန်းက ရှင် သည်စကားမျိုးကို မပြောပါလား"

"အရှုံးဆိုကာ ဝိုင်းပြီး လက်ခုပ်တီးမှာပေါ့"

(စောစောက ချစ်စဖွယ်ရာ ပြုံးနေ၏)

"အဲသည်တော့ ဘာ့ကြောင့် အထက်တန်းစာပေ ပညာတတ်သူ၊ တက္ကသိုလ်က ဒီဂရီရခဲ့သူများကို တန်ဖိုးထားပါသလဲလို့ ခင်ဗျားနှင့် ကျွန်တော် နှစ်ယောက်တည်း တိုးတိုးကလေး စဉ်းစားကြပါစို့"

"ဟုတ်ကဲ့"

"ဘာကြောင့် ကျောင်းမှာ စာပေပညာကို သင်ကြားပါသလဲ။ တိုင်းပြည်နှင့် လူမျိုးကို နားလည်ပြီးသိဖို့၊ တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးစွာ ပေါင်းသင်းဆက်ဆံတတ်ဖို့၊ အကြားအမြင်ကျယ်ဖို့၊ အကြောင်းအကျိုးကို သုံးသပ်ဆင်ခြင်တတ်ဖို့၊ လောကကို သာယာအေးမြစွာနှင့် ငြိမ်းချမ်းအောင် အုပ်ချုပ်စီမံခန့်ခွဲတတ်ဖို့၊ အမြင်မှန် ရနိုင်သလောက်ရဖို့၊ ကိုယ်အမြင်ရသလောက် လောကကို အမြင်မှန်ရနိုင်ဖို့ စသည်တို့နှင့် လောကလူမှုရေးရာအတွက် ကျောင်းများတွင် စာပေ ပညာသင်ကြားရပါ

mgyoe.com

mgyoe.com


သည်။ အရာအထူး၊ ဂုဏ်၊ ထင်ရှားမှုကို လို၍ စာပေ ပညာသင်ကြားခြင်းသည် ရယ်စရာ၊ ထို့ကြောင့် ထိုပြဆိုခဲ့သည်တို့ ပြည့်ဝသည်နှင့်အညီ စာပေ ပညာသင်ကြားရေးမှာ ဒီဂရီရနေပါသည်။"

"အဲသို့ မို့ကြောင့် အထက်တန်းစာပေများကို တတ်သူများ၊ တက္ကသိုလ်မှ ဒီဂရီရသူများတို့ကို လောကက တန်ဖိုးမထားဘဲနေ၍ မဖြစ်သလောက်ပါ၊ စဉ်းစားပါဗျာ"

စောစောသည်ကား တစ်စုံတစ်ရာမျှ ပြန်လှန်ကာ စကားမပြွက်ဟတော့ဘဲ တင်မောင်မြင့်မျက်နှာကို ကြည့်ပြီးတော့ တံတွေးကို မသိမသာ မျိုချလိုက်ပြီးနောက် ခဏကြာသော် တင်မောင်မြင့်ကို နှုတ်ဆက်၍ ပြန်သွားလေ၏။

❒

mgyoe.com

mgyoe.com

# အခန်း (၂)

တင်မောင်မြင့်တို့၏ အိမ်ကြီးသည် အုတ်သမံတလင်းခံ ခေတ်မီ မီနစ်ထပ် အိမ်ကြီးဖြစ်၍ ပြီးစီးသွားလေပြီ။ ထိုအိမ်ကြီးကို သစ်စက်ပိုင် ဦးဘက အကုန်အကျခံ၍ ဦးဘ၏သား ဘကဲနှင့် မြို့လမ်းဝန်ထောက် ဘသက်တို့က ကြပ်မတ်ကာ ဆောက်သဖြင့် အတော်ပင် လှပပြီးသော် တောင့်ခိုင်ကာ ကောင်းမွန်လေသည်။

ဦးဘသည် တင်မောင်မြင့်တို့၏ သားအမိအား ဘယ်ကြောင့် ငွေကုန်ကြေးကျခံ၍ ဆောက်ပေးဘိသနည်း၊ အကြောင်းကား ရှိပေလိမ့်မည်။ ၎င်းသည် ပါတီနိုင်ငံရေးသမားမဟုတ်၊ သို့ရာတွင် ရပ်ကွက်လူထုအကျိုး၊ မြို့လူထုအကျိုးကို မဏ္ဍပ်တိုင်မတက်ဘဲနှင့် ဆောင်ရွက်သော ပုဂ္ဂိုလ်ဖြစ်ဟန်ရှိသည်။

၎င်းသည် တင်မောင်မြင့်သည် ဝိဇ္ဇာ သိပ္ပံဖြစ်သောကြောင့် ၎င်း၏သမီး နွဲ့နွဲ့သန်းနှင့် သဘောတူ၍ ရည်မှန်းကာ ဆောက်ပေးလေသလော၊ တစ်နည်းဆို အခြားအကြောင်းရှိ၍လား၊ ဦးဘက တင်မောင်မြင့်၏ အဖေ့ကျေးဇူးရှိ၍ တင်မောင်မြင့်၏အဖေကြောင့် ၎င်း၏သစ်စက်ကြီး

mgyoe.com

mgyoe.com


သည် ကောင်းစွာ ထမြောက်သည်ယောင် ပြောဆိုခဲ့လေသည်။ သို့ရာတွင် ၎င်းသည် ယုတ္တိမရှိ၊ မချေမင်။ အခြားအကြောင်း ရှိကောင်းရှိသတတ်မေလော။ မည်သို့ပင်ဖြစ်စေ၊ အလွန်ခမ်းနားသော အိမ်ကြီး၌ တင်မောင်မြင့်နှင့် ၎င်း၏အမေ ဒေါ်သိုင်းခြုံသည် နေရလေပြီ။ ထိုအိမ်ကြီးကို ဆောက်၍ ထိုသို့သာ ပြီးစီးကာ ထမြောက်သွားလေသည်။ အိမ်ဆောက်ရာသို့ ဦးဘသော်လည်းကောင်း၊ နွဲ့နွဲ့သန်းသော်လည်းကောင်း အရိပ်အရောင်မျှ လာမပြချေ။ အိမ်ဆောက်ပြီးသောအခါမှာလည်း ၎င်းတို့နှစ်ယောက်သည် မပေါ်လာချေ။

ထိုသို့သော သဘောကို ဒေါ်သိုင်းခြုံသည် အတော်အံ့သြ၏။ နွဲ့နွဲ့သန်းနှင့် တွေ့သော်လည်း အိမ်အကြောင်းနှင့်ပတ်သက်ပြီးသော် နွဲ့နွဲ့သန်းသည် ဒေါ်သိုင်းခြုံအား အရိပ်အမြွက်မျှပင် မမေးမပြောချေ။ ယင်းကဲ့သို့ ဒေါ်သိုင်းခြုံ အံ့သြသည်ထက် တင်မောင်မြင့်သည် သာ၍၊ သာ၍ သာ၍ အံ့သြပြီးသော် ဆန်းထူးလှပါတကားဟု ထင်မရအောင် ဖြစ်နေပေသည်။

တင်မောင်မြင့်မှာ ၎င်းအမေ့ခြံနှင့်ပတ်၍ မြေကွက်လပ်တစ်ခုကို ခြံလုပ်ရန် ခြံမိန့်တောင်းသဖြင့် အခွင့်အမိန့်ရသည့်အတိုင်း ခြံကိုလုပ်သားနှစ်ယောက် လုပ်ကိုင်နေလေပြီ။

တင်မောင်မြင့်သည် ခေသောသူကား မဟုတ်ပေ၊ ၎င်းသည် တင်မောင်မြင့်သည် သက်သတ်လွတ် ကြက်ဥများအကြောင်းကို စဉ်းစား၍ သက်သတ်လွတ် ဘဲဥများအကြောင်းကို စဉ်းစားရာ လိင်ချင်း မတူသည်ကို တွေ့ရသဖြင့် အခြားလောကဓာတ် ဆရာများနည်းတူ ကြက်နို့ရသကဲ့သို့ ဘဲနို့မရနိုင်၊ သက်သတ်လွတ်ကြက်ဥ ဖြစ်နိုင်သကဲ့သို့ သက်သတ်လွတ် ဘဲဥဖြစ်နိုင်သည်ကို တွေ့ရလေ၏။

တင်မောင်မြင့်သည် တကုပ်ကုပ်နှင့် မလျှော့ဘဲ စမ်းသပ်ရာတွင်

mgyoe.com

တစ်ခါသော် ဖောက်၍ ပေါက်သောဘဲဥ၊ မပေါက်သောဘဲဥများကို လက်တွေ့တွေ့နေရသဖြင့် သက်သတ်လွတ် ဘဲဥဖြစ်နိုင် ရနိုင်သည်ဟု စဉ်းစားစပြုလေပြီ။

"စဉ်းစား၍ စေ့ငုရှာဖွေခြင်းသည်သာ နည်းသစ်နည်းဆန်းကို တွေ့နိုင်သည်"။ "နည်းသစ်နည်းဆန်းကို နတ်နှင့်ဗေဒင်က ဟော၍ မဖြစ်"

တင်မောင်မြင့်သည် ဘဲမများစွာနှင့် ဘဲထီးအနည်းငယ်သာရှိသော ဘဲခြံ၌ စုံစမ်းသည်။ ဘဲဥများကို မပြတ်ဥရန် ဘဲခြံရှင်သည် ဘဲခြံ၌ ဓာတ်မီးထွန်းပေးထားသည်။ သို့မဟုတ်က ဘဲမသည် လသာသောအခါ၌သာ ဥများကို ဥလေသည်။

တင်မောင်မြင့်သည် ၎င်း၏အိမ်၌ ဘဲမတစ်ကောင်ကို မွေးထားသည်။ ထိုဘဲမသည် ကြီးလာသောအခါ တစ်နေ့မှာ ဥတစ်လုံး တစ်လုံး လမိုက်လသာ မရွေး ဥသည်ကို တွေ့ရ၍ အခြား ဘဲမတစ်ကောင်ကို မွေးစမ်းပြန်ရာ ထိုဘဲမကား မဥချေ။

တင်မောင်မြင့်သည် ၎င်း၏စမ်းသပ်ခြင်း၌ ခြေရာပျောက်သွား၍ အတော်ပင် စိတ်မချင့်မရဲဖြစ်နေပုံ ရလေသည်။ တစ်နေ့သော် ည နာရီပြန် တစ်ချက်ထိုးသော်လည်း တင်မောင်မြင့်သည် အိပ်မပျော်ဘဲ စဉ်းစားနေသဖြင့် စောစော၏မျက်နှာ ကြည်ကြည်ကလေးသည် ပေါ်လာလေသည်။ ၎င်းနှင့်ဆက်၍ မိန်းမသည် ယောကျ်ား မရှိဘဲနှင့် ယခုခေတ်မှာ ကလေးမွေးနိုင်သလောဟု တင်မောင်မြင့်သည် သတိရလာသည်။ ဤသို့လည်း သက်သေထုတ်လာလေသည်။

ယောကျ်ားကြောင့် မိန်းမမှာ ကလေးမွေးရသည်။ သို့သော် ထိုကလေးသည် ရုပ်ရော၊ စိတ်ရော၊ သွေးရော၊ အဖေနှင့် အကုန်လုံးတူသလော၊ မတူချေ။ ထိုကလေးမှာ အမေ့သွေး၊ အမေ့ဓာတ်၊ အမေ့စိတ်များ

mgyoe.com

mgyoe.com


စွာ ပါလာလေသည်။ ဟုတ်ပြီ ဘဲဥကို ဘဲကလေးများရရန် ကြက်မနှင့် ဖောက်သည်။ ကြက်မသည် ထိုဘဲဥကို လေးသီတင်းဝပ်ရ၍ ဘဲဥတွင် ကြက်မစာတော်ခွဲရမည်။ ထိုကြက်မစပ်၍ပေါက်လာသော ဘဲကလေးများ၌ ကြက်မစာတော်ပါရမည်။

တင်မောင်မြင့်ကား အလွန်ဝမ်းသာ၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေပြီ၊ ၎င်းသည် နံနက်လင်းလုသော် ဤသို့ အိပ်မက်မက်လေသည်။

သူနှင့် စောစောသည် တွေ့ဆုံရာ စောစောက ကျွန်တော့် အရာရှိ တစ်ယောက်နဲ့ လက်ထပ်တော့မယ်၊ ဒါပေမဲ့ သားဦးမွေးရင် ရှင့်သားပဲဟု ၎င်းကိုမွေးကာ ပြောလေသည်။

ထိုသို့အိပ်မက်မက်ပြီးနောက် တင်မောင်မြင့်သည် နိုးလာ၍ "ဟာ အိပ်မက်နှယ် မတောက်တခေါက်" ဟု သိပ္ပံဆရာသည် မနိပ်သည့် မသမာ အိပ်မက်နှယ်ဖြစ်နေသဖြင့် သူ့ကိုယ်ကိုသူ ရယ်ချင့်ထိုးကာ အိပ်ရာမှ ထလာလေတော့ပြီ။

တင်မောင်မြင့်သည် ထိုသက်သတ်လွတ် ဘဲဥကိစ္စနှင့်စပ်လျဉ်း၍ တိုးချဲ့ကာ ခြံကိုပြုပြင် စီမံရင်း ကြံစည်လာရာ နောက်ဆုံး၌ ဥ၍ဝပ်သော ဘဲမျိုး၊ ဥ၍ မဝပ်သော ဘဲမျိုးကို တွေ့ရလေသည်။ ဥ၍မဝပ်သော ဘဲမျိုးမှ ဘဲမများကို သက်သတ်လွတ် ဘဲဥ ဥရန် လုပ်ကိုင်နိုင်သည်ဟု အဖြေပေါ်ထွက်လာလေတော့ပြီ။

တင်မောင်မြင့်သည် စမ်းသပ်သော သဘောနှင့် ဘဲခြံကလေးကို ခြံသစ်ထဲတွင် လုပ်ထားပြီးသော် ဘဲမကလေးဆယ်ကောင်ကို မွေးထားလေသည်။ ထိုဘဲမကလေး ဆယ်ကောင်သည် ကြီးပြင်းလာသော် ခြံထဲ၌ ဖွဲတစ်ပိုင်း၊ သဲတစ်ပိုင်း သပ်သပ်ရာရာကို လုပ်ထား၍ ညဥ့်အချိန် ဓာတ်မီးပွင့် တစ်ဆယ်ဒီဂရီအားကို ပေးထားလေသည်။ ထိုသို့ လုပ်ပေး

mgyoe.com